# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# ၁၃ ရက် မြောက်နေ့ မှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
## (၂၀၁၁ ခုနှစ်၊ မတ်လ ၂၂ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊၁၀ : ၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး ၁၃ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀ း ၀၃ ။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်း ဆက်သပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး ၁၃ ရက် မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ (၄၃၃)ဦး အနက် (၄၃၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ရဲ့(၉၉.၇၇) ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ အစည်းအဝေးအစီအစဉ် ကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်းဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀ း ၀၅ ။**

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့ တင်ပြရန်ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူများ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၆ ။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး ၁၃ ရက် မြောက်နေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၄၃၃)ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ခွင့်ပန်ကြားသူ မရှိသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်

ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀ း ၀၇ ။**

**ဥက္ကဋ္ဌ**။ ။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများ အနက် စိစစ်ခွင့်ပြုသင့်တဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ယာယီသက်သေခံလက်မှတ်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားလဲလှယ်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပထမဦးစွာ မောင်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း အား ယာယီသက်သေခံလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ လဲလှယ်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**အချိန် ၊ ၁၀ း ၀၈ ။**

**ဦးဇော်ကိရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း (မောင်တော မဲဆန္ဒနယ်)။** ။ ရှိသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားများ၏ အမြင့်မားဆုံး အခွင့်အရေး ဖြစ်သော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် မဲဆန္ဒထည့်ပိုင်ခွင့်အား ကျွန်တော်တို့ ဒေသခံပြည်သူ များ ရရှိခဲ့သည့်အတွက် နိုင်ငံတော်အစိုးရအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဒေသခံပြည်သူများ ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်သည် ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲ စည်းရုံးရေးကာလ

အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် စာအုပ်ထဲမှ အခန်း (၈)၌ ဖော်ပြထားသော နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အဓိက ထားပြီးရှင်းပြခဲ့ရာ မောင်တောခရိုင်ဒေသရှိပြည်သူများက အလွန်တန်ဖိုးထားပြီး ဝမ်းသာအားရ ကြိုဆို အားပေးထောက်ခံခဲ့ကြပါသည်။ ကျွန်တော် မေးမြန်းလိုသည့်မေးခွန်းမှာ ရခိုင်ပြည်နယ်၊ မောင်တော ခရိုင်ပြည်သူ ၉၀ ရာခိုင်နှုန်းခန့်မှာ ယာယီသက်သေခံလက်မှတ် အဖြူရောင်ကတ်များကို ကိုင်ဆောင် ထားပြီး ပညာရေး၊ ခရီးသွားလာရေး၊ စီးပွားရေးကိစ္စများတွင် အခက်အခဲ များစွာရှိနေ၍ ပြည်သူများ အတွက်ရော၊ နိုင်ငံတော်အတွက်ပါ များစွာနစ်နာဆုံးရှုံးရပါသည်။ ထို့အတူ ရခိုင်ပြည်နယ်ရှိ အခြား မြို့နယ်များတွင်လည်း အလားတူ နစ်နာမှုများရှိပါသည်။ သို့ဖြစ်ပါ၍ မောင်တောခရိုင်နှင့် အခြား မြို့နယ်များရှိပြည်သူများအား ယာယီသက်သေခံလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာမှ မည်သည့်နေ့မှစ၍ လဲလှယ်ပေးမည်ကို သိလိုပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၁၀ ။**

**ဦးမောင်ဦး (ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ ယနေ့ ကျင်းပတဲ့ ၁၃ ရက်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထား၍ တက်ရောက်လာကြတဲ့ အထူးဧည့်သည်တော်များ အားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ပါးပြည့်စုံလို့ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေလို့ ရှေးဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။

ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို တာဝန်ယူရတဲ့ ဦးမောင်ဦး ဖြစ်ပါတယ်။ အခု ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းက မေးမြန်းလာတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ အနှစ်ချုပ်ကို ကျွန်တော်တို့ ပြန်လည်ဆန်းစစ်ရမယ်ဆိုရင် မောင်တောခရိုင်နှင့်အခြားမြို့နယ်များရှိ ပြည်သူများအား ယာယီ သက်သေခံလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာမှ မည်သည့်နေ့မှစ၍ လဲလှယ်ပေးမည်ကို သိရှိလိုပါကြောင်းလို့ ကျွန်တော်သဘောပေါက်ပါတယ်။ အောက်ပါအတိုင်း ဖြေကြား အပ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ကစပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံသား၊ နိုင်ငံခြားသွေးနှောတဲ့ ကပြားများ၊ နိုင်ငံသားဟုတ်မဟုတ် သံသယရှိသူများကို မြန်မာနိုင်ငံသားအဖြစ်လျှောက်ထားနိုင်တယ်လို့ စတင်ကြေညာခဲ့ကြတာရှိပါတယ်။ အဲဒီရဲ့အရင်မှာ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေဆိုတာလည်း ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံသားဖြစ်လိုလျှင် ဖြစ်စေ၊ မြန်မာနိုင်ငံသားဟုတ်မဟုတ်နဲ့စပ်လျဉ်းပြီးတော့ ဒွိဟသံသယရှင်းလိုလျှင်ဖြစ်စေ ယင်းဥပဒေအရ လိုက်နာဆောင်ရွက်နိုင်ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သူများကိုလည်း မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်က မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးခဲ့ပါတယ်။ သူတို့အနေနဲ့ သားစဉ်မြေးဆက် ဥပဒေအရ ခိုင်မာတဲ့မြန်မာနိုင်ငံသားအဖြစ်ကို ရရှိခဲ့ကြပါတယ်။ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား အက်ဥပဒေပေါ်ပေါက်ပြီးတဲ့နောက်ပိုင်းမှာတော့ အောက်ဖော်ပြပါ ပုဒ်မများနဲ့အကျုံးဝင်တဲ့ နိုင်ငံသားများကိုသာ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခွင့်အဖြစ် အကျုံးဝင်ကြောင်း သတ်မှတ်ခဲ့ပါတယ်။ ပုဒ်မ ၃ နိုင်ငံတော်တွင်ပါဝင်သောနယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅၊ ခရစ်သက္ကရာဇ် ၁၈၂၃ မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား မျိုးနွယ်များနှင့် မျိုးနွယ်စုများသည် နိုင်ငံသားဖြစ်သည်။ ပုဒ်မ ၅ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွေးဖွားလာသူတိုင်းသည်လည်းကောင်း မွေးရာပါ နိုင်ငံသားဖြစ်သည်။ ပုဒ်မ ၆ ဤဥပဒေတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်။ သို့ရာတွင် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းလျှင် အရေးယူခြင်းခံရမည်ဟု ဖော်ပြထားပါတယ်။ ပုဒ်မ ၁၈ မှာ ဖော်ပြချက်ကတော့ နိုင်ငံသားတစ်ဦး မဟုတ်မမှန်ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းတို့ဖြင့် နိုင်ငံသားအဖြစ်ရရှိပါက နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း ခံရမယ့်အပြင် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ် ၅၀၀၀၀ ကိုပါ ကျခံစေရမည်ဟု ဥပဒေက သတ်မှတ်ထား ပြီးဖြစ်ပါတယ်။ ပုဒ်မ ၇ မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသား ဖြစ်သည်ဆိုပြီးတော့ အခွင့်အရေးပေးထားခဲ့ပါတယ်-

(၁) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသူများ၊

(၂) နိုင်ငံသားနှင့် ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသူများ၊

(၃) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊

(၄) ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာသော သားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊

(၅) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသော သားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊

(၆) ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသော သားသမီးနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊

လို့ သတ်မှတ်ချက်ခြောက်မျိုးပြဋ္ဌာန်းခဲ့ပါတယ်။ အထောက်အထားပြည့်စုံစွာ မတင်ပြနိုင်ရင် နိုင်ငံသား အဖြစ် သတ်မှတ်နိုင်မည်မဟုတ်ပါ။ နိုင်ငံသား၊ နိုင်ငံခြားသား သံသယအဖြစ်သာ သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ယင်းတို့အနေနဲ့ အနည်းဆုံး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် မတိုင်မီကာလအတွင်း နိုင်ငံတော်အတွင်း ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်းမွေးဖွားသည့် သားသမီးများ ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ ပြသနိုင်လျှင် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၄၂၊ ၄၃ အရ နိုင်ငံသားပြုလိုခွင့်ရကြောင်း လျှောက်ထားနိုင်သည်လို့ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ပုဒ်မ ၄၂ က ဘာလဲဆိုရင် ကျွန်တော်တို့ ရှင်းပြရရင်တော့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီ ကာလအတွင်း နိုင်ငံတော်အတွင်း၌ ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်း မွေးဖွားသည့် သားသမီးသည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေအရ လျှောက်ထားရန် ကျန်ရှိကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုရန် လျှောက်ထားနိုင်သည်။ ပုဒ်မ ၄၃၊ ဤဥပဒေ တည်သည့်နေ့မှစ၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်လို့ ပါရှိပါတယ်။ အဲဒါတွေကတော့ နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားလာသူများ ၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊ ဧည့်နိုင်ငံသား၊ အခြားနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားလာသူများ၊ နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားလာသူများလို့ သတ်မှတ်ပါရှိပါတယ်။ ပုဒ်မ ၄၄ မှာ ထပ်ဆင့်ပြဋ္ဌာန်းတာကတော့ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ ပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီသူ ဖြစ်ခြင်း၊ အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊ တိုင်းရင်းသား ဘာသာစကားတစ်မျိုးမျိုးကို ကောင်းမွန်စွာ ပြောတတ်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ ရူးသွပ်သူမဟုတ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေနှင့်အညီ ရသင့်ရထိုက်တဲ့ ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်ခွင့် ရရှိရေးနဲ့ပတ်သက်ပြီးတော့ မိမိနှင့်တကွ မိဘဘိုးဘွားများရဲ့ ခိုင်မာတဲ့အထောက်အထား အချက်အလက်များကို ခိုင်ခိုင်မာမာ စုဆောင်းတင်ပြဖို့လိုအပ်ပါတယ်။ ယခုအခါမှာ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားများ

နဲ့ တကွ အခြားလူမျိုးများအတွက် လူ့ဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားဆိုင်ရာ ဥပဒေများအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ အပြည့်အဝရရှိစေဖို့ အခြားတိုင်းနဲ့ပြည်နယ်တွေမှာ မရှိသေးတဲ့ သာသနာရေးနဲ့ လူ့ဝင်မှုကြီးကြပ်ရေး ဌာနကို သီးခြားတစ်ခုဖွဲ့စည်းပြီးတော့မှ လုပ်ငန်းများဆောင်ရွက် လျက်ရှိပါတယ်။ မေးခွန်းရဲ့ အနှစ်ချုပ်မှာပါတဲ့ သက်ဆိုင်ရာမှ မည်သည့်နေ့မှစ၍ လဲလှယ်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားရမယ်ဆိုပါက ဤလုပ်ငန်းစဉ်သည် လူ့ဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တစ်ခုတည်းအနေနဲ့ ဆုံးဖြတ်၊ ဆောင်ရွက်ပေးနိုင်သော ကိစ္စရပ် မဟုတ်ပါသဖြင့် သက်ဆိုင်ရာ လွှတ်တော်၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းတို့ရဲ့ အဆုံး အဖြတ်ကို ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အာဝါဒေး(Our Day) ကဲ့သို့သော လောင်းကစားမှုနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးစောသိန်းအောင်(လှိုင်းဘွဲ့ မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ခညောင်းစေကြောင်း ဂါရဝတရားရှေ့ထားလျက် နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်းအဖြစ် တင်ပြလိုတဲ့ အကြောင်းတစ်ရပ်က အာဝါဒေးကဲ့သို့သော လောင်းကစားမှုနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒေသအပါအဝင် တချို့သော တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အာဝါဒေးခေါ်တဲ့ အမည်သစ်တစ်ခုနဲ့ လောင်းကစားပွဲ တွေပေါ်ပေါက်နေပါတယ်။ ဒေသက ရိုးရာယဉ်ကျေးမှုပွဲတွေ၊ ဘာသာရေးပွဲတွေကို အမှီပြုပြီး အာဝါဒေးလောင်းကစားပွဲကို ပြုလုပ်နေကြခြင်းဖြစ်ပါတယ်။ လောင်းကစားပွဲမှာ အနီတောင်၊ လေးကောင်ဂျင်၊ ဖဲဝိုင်းအစရှိသော ကစားမျိုးပေါင်း များစွာပါဝင်ပါတယ်။ ပွဲမဖြစ်ခင်တစ်လ ဒါမှမဟုတ် နှစ်လအထိ ကြိုတင်ပြီး လောင်းကစားပွဲကို ပြုလုပ်သလို ပွဲပြီးသော်လည်း တစ်လ၊ နှစ်လတိုင်သည် ဆက်လက်ပြုလုပ်ထားတာ တွေ့ရှိပါတယ်။ ဝိသမလောဘသမားတွေရဲ့ တည်ခင်း ထားတဲ့ ဒီလောင်းကစားပွဲမှာ မူလတန်းအရွယ် ကလေးသူငယ်များကအစ အသက် ၇၀၊ ၈၀ အဆုံး ကြီးကြီးငယ်ငယ်၊ ကျားကျားမမ ပိုးဖလံမျိုး မီးကိုတိုးသလို ကြိတ်ကြိတ်တိုး ပါဝင်ပြီး လောင်းကစားတာ

တွေ့မြင်ရပါတယ်။ ဒါကြောင့် ဒီ အာဝါဒေးလောင်းကစားမှုဟာ အသိမကြွယ်သေးတဲ့ စာသင်သားကလေးသူငယ်တွေကို ဖျက်ဆီးသလို ကျေးရွာသူ၊ ရွာသားများရဲ့ ရိုးသားတဲ့စိတ်ဓာတ်၊ ဖြူစင်တဲ့စာရိတ္တနဲ့တကွ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာတွေကို စိစိညက်ညက် ကြေမွပျက်စီးအောင် ပြုလုပ်နေပါတယ်။ ဒ့ါအပြင် ဒေသခံ ရွာသားများဟာ ဒီ အာဝါဒေးလောင်းကစားကြောင့် အိမ်ပေါင်၊ ယာပေါင်၊ ပစ္စည်းတွေပေါင်နှံပြီး လောင်းကစားမှုပြုတာကြောင့် ပြည်သူတွေရဲ့ဘဝကို ဆိုးသထက်ဆိုးအောင် ပြုလုပ်နေရာ ရောက်ပါတယ်။ စာသင်သားကလေးသူငယ်များရဲ့ ပညာရေးကိုလည်း များစွာ အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါကြောင့် ဒီအာဝါဒေးဟူသော လောင်းကစားမှုအတွက် နိုင်ငံတော်မှ ပြည်သူများရဲ့ အကျိုးစီးပွားကို ကာကွယ်သောအားဖြင့် မည်သို့ ဆောင်ရွက်ပေးနိုင်မည် ဆိုတာကို အထူးသိလိုတဲ့အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ မေးခွန်းကို တစ်ဆက်တစ်စပ်တည်း မေးမြန်းဖို့ လိုအပ်တဲ့အတွက် ထပ်ဆင့်မေးခွန်းနဲ့ မေးမြန်းထားပါတယ်။ ပြည်သူတွေရဲ့ စိတ်ဓာတ်၊ စာရိတ္တနှင့် ပစ္စည်းဥစ္စာများကို ထိခိုက်နစ်နာဆုံးရှုံးစေသော အာဝါဒေးကဲ့သို့ လောင်းကစားမှုကို နိုင်ငံတော် ဒေသတစ်ချို့တွင် တရားဝင်ပြုလုပ်နေသည်ကို အစိုးရကသိပါသလား။ မသိလျှင် စုံစမ်း၍ အရေးယူ ဆောင်ရွက်ပေးမည်လား။ မဆောင်ရွက်ပေးနိုင်ပါလျှင်အဘယ်ကြောင့်နည်း။ အဲဒီလောက်ပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၂၅ ။**

**ဦးမောင်ဦး(ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားအပ်သော ဧည့်သည်တော်များ ခင်ဗျား။ ကိုယ်စားလှယ်ကြီး ဦးစောသိန်းအောင် ရဲ့ မေးမြန်းချက်မှာ အချက် ၃ ချက် ပါဝင်တာ တွေ့ရပါတယ်။

(က) ပြည်သူတို့ရဲ့ စိတ်ဓာတ်၊ စာရိတ္တများ၊ ပစ္စည်းဥစ္စာများကို ထိခိုက်နစ်နာဆုံးရှုံးစေသည့် အာဝါဒေးကဲ့သို့သော လောင်းကစားများကို နိုင်ငံတော်ဒေသအချို့တွင် တရားဝင် သဖွယ်ပြုလုပ်နေသည်ကို အစိုးရက သိရှိပါသလား။

( ခ ) မသိရှိလျှင် စုံစမ်း၍ အရေးယူဆောင်ရွက်ပေးမည်လား။

( ဂ ) မဆောင်ရွက်ပေးနိုင်လျှင် အဘယ်ကြောင့်လဲလို့ မေးမြန်းသွားတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးသော ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ နိုင်ငံတော်အနေနဲ့ ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ လောင်းကစားဥပဒေ

ကို ထပ်မံထုတ်ပြန်ခဲ့ပါတယ်။ အဲဒီရည်ရွယ်ချက်ကို ကျွန်တော်တို့ ငယ်ငယ်က နားလည်ရတာတော့ ယခင်ကထုတ်ပြန်ထားတဲ့ လောင်းကစားဥပဒေဟာ အပြစ်ဒဏ်၊ ပြစ်မှုပြစ်ဒဏ် မထိရောက်တဲ့အတွက် နိုင်ငံတော် အနေနဲ့ ဥပဒေကို အသစ်ပြဋ္ဌာန်းခဲ့တယ်လို့ ကျွန်တော်တို့ နားလည်မှတ်သားမိခဲ့ပါတယ်။ အဲဒီ ဥပဒေ ၂(က)အရ လောင်းကစားခြင်းဆိုသည်မှာ ကံကစားခြင်း၊ ကျွမ်းကျင်မှု ကစားခြင်း တစ်ခုခုပါဝင်ပြီး ငွေကြေးအတွက်သော်လည်းကောင်း၊ ငွေကြေးတန်ဖိုးရှိသော သို့မဟုတ် ငွေကြေး တန်ဖိုးအဖြစ် ပြောင်းလဲသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက် လည်းကောင်း၊ အကောက်အစား ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ၊ လောင်းကစားခြင်းကို ဆိုသည်လို့ အဓိပ္ပါယ်ဖွင့်ထားပါတယ်။ ပုဒ်မ ၂ (ဃ)ကျတဲ့အခါမှာ လောင်းကစားခြင်းတွင် အကျုံးဝင်သည့် လောင်းကစားကိရိယာဆိုသည်မှာ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော ဖဲ၊ အံစာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားကွက်၊ ဇယား၊ ကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ လောင်းကစားခြင်းတို့အတွက် ကြံစည်ပြုလုပ်ထားသော သို့မဟုတ် အသုံးပြုနိုင်သောအခြားအရာများ၊ လောင်းကစားခြင်း၌ အသုံးပြုသော တိရစ္ဆာန်၊ ယာဉ်တို့ကို ဆိုလိုသည်လို့ အဓိပ္ပါယ်ဖွင့် သတ်မှတ်ထားပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လောင်းကစားဥပဒေပုဒ်မ ၂၂ အရ ခန့်အပ်ထားတဲ့ လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးပြီးတော့မှ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာ ၁/၈၇ နဲ့ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သတ်မှတ် ခဲ့ပါတယ်။ ၎င်းတွင် လောင်းကစားခြင်း၌ ပါဝင်သူများ အဓိပ္ပါယ်သတ်မှတ်ချက်၊ ဖမ်းဆီးဆောင်ရွက် ရန် နည်းလမ်းများ၊ ဖမ်းဆီးရေးအဖွဲ့ ဖွဲ့စည်းခြင်းစသည်တို့ အသေးစိတ်သတ်မှတ်ပြီးတော့ စနစ်တကျ ဆောင်ရွက်ရန် ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ယနေ့အထိ ပျော်ပွဲရှင်ပွဲတွေ၊ ဇာတ်ပွဲတွေ၊ ဘုရားပွဲတွေ ပြည်နယ်အဆင့်ဆင့် အထိမ်းအမှတ်နေ့များမှာ သက်ဆိုင်ရာဌာနများက အဆင့်ဆင့်သော ဒေသဆိုင်ရာ တာဝန်ရှိသူများ ဖွဲ့စည်းကာ ပွဲမိန့်များကို တောင်းခံပြီးတော့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာစေမှသာ ခွင့်ပြုပေးလျက်ရှိပါတယ် -

- ပွဲခင်းအတွင်း သန့်ရှင်းရေးနဲ့ ကျန်းမာရေးနှင့်ညီညွတ်စေဖို့ ၊
- စီမံချက်ပါအတိုင်း လုံခြုံရေးနဲ့ စနစ်တကျ ဆောင်ရွက်စေဖို့၊
- သတ်မှတ်ရက် အတိုင်းအတာအတိုင်းသာ ကျင်းပဖို့၊
- လုံခြုံရေး၊ ကူးစက်ရောဂါပြန့်ပွားမှု၊ အခြားအကြောင်းတစ်ရပ်ရပ် ဖြစ်ပေါ်လာလို့ရှိရင် ဆက်လက်ကျင်းပရန်မသင့်ဟု အကြောင်းကြားလျှင် ချက်ချင်းရပ်ပေးဖို့၊

- နောက်ဆုံးအချက်အနေနဲ့ မည်သည့်လောင်းကစားမှုမျိုးကိုမှ မပြုလုပ်ရ ဆိုပြီးတော့ ထည့်သွင်းသတ်မှတ် စည်းကမ်းချက်များ ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် အတွင်းမှာ ရှိတဲ့ ဒေသအချို့မှာ ဂုံးခင်းကစားတာတို့၊ ဘောလုံးပစ်တာတို့၊ ဘဲခေါင်း ကြိမ်ကွင်းစွပ်တာတို့၊ မြှားပစ်တာတို့ ဒီလို လောင်းကစားဥပဒေနဲ့ ငြိစွန်းတဲ့ ဒေသအလိုက် ပျော်ပွဲရွှင်ပွဲတွေ ပြုလုပ်ခြင်းကို အရပ်စကားအရ အာဝါဒေးလို့ ယနေ့ခေါ်ဝေါ် သတ်မှတ်နေကြခြင်း ဖြစ်ပါတယ်။

အချုပ်အားဖြင့်တော့ နိုင်ငံတော်အနေနဲ့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့လောင်းကစားဥပဒေနဲ့ငြိစွန်းတဲ့ မည်သည့်လောင်းကစားခြင်းကိုမှ သိလျက်နဲ့ တရားဝင်ခွင့်ပြုခြင်းမဟုတ်ဆိုတာကို အဓိကဒီအချက်များအရ သိနိုင်မည်ဖြစ်ပါတယ်။ မိမိတို့ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ တာဝန်ရှိသူများအနေနဲ့ ကြိုတင်အသိပညာပေးခြင်း၊ အမိန့်ညွှန်ကြားချက်များ၊ ဥပဒေများနှင့် တားဆီးဆောင်ရွက်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းစတဲ့ ဆောင်ရွက်ချက်များသာမက အဓိကတာဝန်ရှိသူများကိုပါ အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါတယ်လို့ ဒီနေရာက ကျွန်တော် ရဲရဲဝံ့ဝံ့ ကြေညာရဲပါတယ်။ လောင်းကစားဖမ်းဆီးဖော်ထုတ်မှုနဲ့ပတ်သက်ပြီးတော့ ကိန်းဂဏန်းအရတင်ပြရမယ်ဆိုလျှင် ၂၀၁၀ ခုနှစ် အတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ လောင်းကစားမှု အားလုံးပေါင်း ၁၉၉၀၊ တရားခံပေါင်း ၃၃၀၀ ကျော်နဲ့ လောင်းကြေးငွေကျပ်ပေါင်း ၂၄၁၉ သိန်းကျော် ဖမ်းဆီးဖော်ထုတ်အရေးယူခဲ့ပါတယ်ဆိုတာ မှတ်တမ်းမှတ်ရာနှင့် ကျွန်တော်တို့ ခိုင်ခိုင်မာမာ ပြောကြားနိုင်ပါတယ်။ နှစ်စဉ်နှစ်စဉ် လောင်းကစားမှုများနဲ့ ပတ်သက်လို့ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပိုမိုတားဆီးနိုင်တယ်လို့ ပြောနိုင်ပါတယ်။ သို့သော်လည်းပဲ လုံးဝ ပပျောက်အောင်တော့ ဆက်လက်ကြိုးစားဆောင်ရွက်ဆဲ ဖြစ်တယ်လို့လည်း တင်ပြလိုပါတယ်။

သို့ပါ၍ မေးမြန်းချက်ပါ တရားမဝင်လောင်းကစားမှုကို အုပ်ချုပ်ရေး၊ လုံခြုံရေးအဖွဲ့အစည်းများအနေနဲ့ကြိုတင်တားမြစ်ခြင်း၊ ကိုယ်တိုင်သတင်းပေးမှတစ်ဆင့်စုံစမ်းခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်နေပြီး ဥပဒေနှင့်အညီ မဆောင်ရွက်ပေးနိုင်စရာ မည်သည့်အကြောင်းမျှ မရှိပါကြောင်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ မိမိရဲ့လုံခြုံရေး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေနဲ့ မြန်မာပြည်တစ်ဝန်းလုံး ကျေးရွာအဆင့်အထိ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ရာမှာ သူ့ချည်းသက်သက်ဆောင်ရွက်ရန် ခက်ခဲလျက် ရှိပါတယ်။ လစ်ဟာမှုများလည်း ရှိနိုင်ပါတယ်။ ဒါ့ကြောင့် ပြည်သူပါမှ အောင်ပွဲရဆိုတဲ့ မိမိတို့ ဝန်ကြီးဌာနခံယူကျင့်သုံးထားတဲ့ဆောင်ပုဒ်အတိုင်း ပြည်သူများအပိုင်းကလည်း ပူးပေါင်းသတင်းပေးဆောင်ရွက်

ကြဖို့ တိုက်တွန်းပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လွတ်ငြိမ်းချမ်းသာခွင့်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လင်းခေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးစိုင်းလှကျော် (လင်းခေး မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာ ကြပါစေကြောင်း မေတ္တာပို့သရင်းဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေး မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းလှကျော် ဖြစ်ပါတယ်။ ကနေ့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ အောင်မြင်ချောမွေ့စွာ ပြောင်းလဲခြင်း ကဲ့သို့သော သမိုင်းဝင်နေ့ထူးနေ့မြတ်များကို ဂုဏ်ပြု မင်္ဂလာ ယူသည့်အနေဖြင့် ပြည်သူအပေါင်းအား ရွှင်လန်းဝမ်းမြောက်ဝမ်းသာ ရှိကြစေရန် ရည်ရွယ်၍ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့် အစဉ်အလာများ ရှိခဲ့ပါသည်။ ယခုလည်း ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သစ်ကြီးကို အောင်အောင် မြင်မြင် ချောချောမွေ့မွေ့ဖြင့် ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ထိုကဲ့သို့သော မင်္ဂလာ အခါသမယတွင် ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားများ ဖြစ်ကြသော ဦးခွန်ထွန်းဦး ၊ ဦးစိုင်းညွန့်လွင်နှင့် ဦးဆေထင့် တို့နှင့်အတူ အခြားသော အကျဉ်းကျ ပုဂ္ဂိုလ်များ လွတ်ငြိမ်းချမ်းသာခွင့်ရကြလိမ့်မည်ဟု ရိုးသားစွာ ယုံကြည်မျှော်လင့် ထားမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သစ်ကြီးကို ထူထောင်ပေးတဲ့ ခေါင်းဆောင်ကြီးများက တိုင်းရင်းသား ပြည်သူအပေါင်း ဝမ်းမြောက်ဝမ်းသာ ရှိကြစေရန် ဆောင်ရွက်ပေးရာတွင် မည်သူ့ကိုမျှ ခြွင်းချက် မထားဘဲ စိတ်သဘောထားကြီးစွာဖြင့် ခွင့်လွှတ်ခြင်းတရားလက်ကိုင်ထား၍ မည်သို့ မည်ပုံ စဉ်းစား ထားသည်ကို သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးမောင်ဦး(ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်

မေးမြန်းသွားတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ မေးခွန်းရဲ့ အနှစ်ချုပ်ကို ကျွန်တော်တို့ ပြန်လည်ကြည့်မယ်ဆိုရင် မိမိတို့နိုင်ငံတွင် ပါတီစုံ ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အောင်မြင်စွာ ကူးပြောင်းခဲ့ပြီဖြစ်၍ မင်္ဂလာအခါသမယတွင် ရှမ်းတိုင်းရင်းသားများဖြစ်သော ဦးဆေထင့်၊ ဦးခွန်ထွန်းဦး ၊ ဦးစိုင်းညွန့်လွင် တို့နှင့်အတူ အခြားသော အကျဉ်းကျ ပုဂ္ဂိုလ်များ လွတ်ငြိမ်းချမ်းသာခွင့်အတွက် မည်သူ့ကိုမှ ခြွင်းချက် မထားဘဲ မည်သို့မည်ပုံ စဉ်းစားထားသည်ကို သိရှိလိုပါတယ်လို့ ပြည်သူ့လွှတ်တော်သို့ အဆိုပြုတင်ပြခဲ့ပြီး၊ မေးမြန်းလာခဲ့တယ်လို့ သဘောပေါက်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၆ အရ နိုင်ငံတော်သမ္မတ သည် နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲ ဖြစ်သည်။ အပြစ်ဒဏ် ကျခံလျက်ရှိသော အကျဉ်းသားများ၏ လွတ်ငြိမ်း ချမ်းသာခွင့်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၀၄ အရ နိုင်ငံတော်သမ္မတသည်-

(က) ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။

(ခ ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်း ပါရှိပါတယ်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၁ (၁) မှာ နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ဖြစ်သော အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြပါရှိပါတယ်။

ပြစ်မှုတစ်စုံတစ်ရာအတွက် တစ်ဦးတစ်ယောက်အား အပြစ်ဒဏ်ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည်မည်သည့်အခါမဆိုစည်းကမ်းချက်မထားဘဲဖြစ်စေ၊ပြစ်ဒဏ်စီရင်ခြင်းခံရသူ၏ သဘောတူသည့် စည်းကမ်းချက်တစ်ခုခု ထား၍ဖြစ်စေ ၊ ၎င်းအပေါ် ချမှတ်သည့် အပြစ်ဒဏ်ကို အတည်ပြုခြင်း၊ အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်။ သို့မဟုတ် ၎င်းစီရင်သည့် ပြစ်ဒဏ် အားလုံး သို့မဟုတ် အစိတ်အပိုင်းတစ်စုံတစ်ရာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည်လို့ ဖော်ပြပါရှိ ပါတယ်။

အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဟာ လွှတ်တော်နှင့်သော်လည်းကောင်း၊ တရားစီရင်ခြင်းနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိပါ ။ အုပ်ချုပ်ရေး ယန္တရားရဲ့ အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတမှ တိုင်းပြည်ရဲ့ အခြေအနေ အရပ်ရပ်အပေါ် စဉ်းစားချင့်ချိန်သုံးသပ်၍ ဆောင်ရွက်ရတဲ့ အမှုကိစ္စဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတသည် ဥပဒေက အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အရ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် တိုင်းပြည်အတွင်း အကျိုးယုတ်

ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ထောက်ခံချက်နှင့် အညီ ဆောင်ရွက်ရတာလည်း ဖြစ်ပါတယ်။ ယခုအခါမှာ အဆိုရှင်တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်မှာ အစိုးရသစ်တစ်ရပ်ဖွဲ့ပြီးတော့ အုပ်ချုပ်ရေး ယန္တရားသစ်စတင် လည်ပတ်နိုင်ရေး အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကျင်းပနေဆဲ ကာလဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်မယ့် ပုဂ္ဂိုလ်ကို ရွေးချယ်ပြီးဖြစ်ပေမယ့် နိုင်ငံတော်သမ္မတ အနေနဲ့ စတင် တာဝန်ထမ်းဆောင်ခြင်းမရှိသေးပါ။ ထို့အပြင် အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့် အတွက် နိုင်ငံတော်သမ္မတအား ထောက်ခံချက်ပေးရမယ့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခြင်းမရှိသေးဘူးဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်လို့ အစိုးရသစ်တာဝန်ယူတဲ့ အချိန်အခါတွေရောက်မှသာ ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်နေပါသဖြင့် အဲဒီအချိန်အထိ စောင့်ဆိုင်းပေးပါလို့ ဖြေကြားပေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖွဲ့စည်းဖြစ်ပေါ်လာမည့် ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃**။

**ဦးလွင်ဦး(သန်လျင် မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းဖြစ်ပေါ်လာမယ့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး မေးခွန်းများမေးမြန်းရန် တင်ပြထားပါတယ်။ ကျွန်တော် မေးမြန်းတဲ့ မေးခွန်းမှာ မေးခွန်း သုံးခု ပါရှိတဲ့အတွက်ကြောင့် တစ်ဆက်တစ်စပ်တည်း မေးမြန်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ကြိုတင်ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၅) အုပ်ချုပ်ရေးကဏ္ဍမှာ ပုဒ်မ ၂၈၉ အရ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာ၊သမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ အုပ်ချုပ်ရေးရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုများရဲ့ ဆောင်ရွက်ချက်များဟာ နေ့တစ်ဓူဝ လူထုနဲ့ ထိစပ်ဆောင်ရွက်ရတဲ့ ကိစ္စတွေ

ဖြစ်တဲ့အတွက်ကြောင့် အဲဒီအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်ကောင်းခြင်း မကောင်းခြင်းဟာ နိုင်ငံတော်အစိုးရရဲ့ ဂုဏ်သိက္ခာ အတက်အကျကို ဖြစ်ပေါ်စေနိုင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၂၈၉ အရ ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ အတွက်ကြောင့် ရပ်ရွာလူထုဆန္ဒပါဝင်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကို ပထမ မေးခွန်းအနေနဲ့ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးတွင် တာဝန်ယူမည့် ပုဂ္ဂိုလ်များကို မည်ကဲ့သို့ ရွေးချယ်စိစစ်တာဝန် ပေးအပ်မည်ကို သိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ရန် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေဟာ လူထုအတွင်းမှာ နေ့စဉ် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆောင်ရွက်နေရတဲ့အတွက်ကြောင့် အာဏာအလွဲသုံးခြင်း ၊ ကိုယ်ကျိုးရှာခြင်းများ ဖြစ်ပေါ် လာနိုင်ပါတယ်။ အဲဒီလို ဖြစ်ပေါ်လာတဲ့အခါမှာ ပြည်သူလူထုရဲ့ ကြည်ညိုလေးစားမှုမရှိခြင်းနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ပါတယ်။ အဲဒီလိုမလိုအပ်တဲ့ ကိစ္စတွေ မပေါ်ပေါက်စေရန်အတွက် ထိုပုဂ္ဂိုလ်များကို ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးသင့်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ နံပါတ် ၂ မေးခွန်းအနေနဲ့ ရပ်ကွက်နဲ့ကျေးရွာ အုပ်ချုပ်ရေး တာဝန်ပေးအပ်ထားသူများကို မည်ကဲ့သို့ ချီးမြှင့်မည်၊ မည်ကဲ့သို့ ဥပဒေနဲ့အညီ ထိန်းကျောင်းမည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးကို တာဝန်ပေးအပ်ရာမှာ ကာလရှည်ကြာ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေး တာဝန်များကို တာဝန်ထမ်းဆောင်ဖူးသူများ ရှိနေပါတယ်။ ဒါ့ကြောင့်မို့လို့ တတိယမေးခွန်းအနေနဲ့ အဲဒီပုဂ္ဂိုလ်များကို ဖွဲ့စည်းဖြစ်ပေါ်လာမယ့် အုပ်ချုပ်ရေးကဏ္ဍမှာ ဆက်လက်တာဝန်ပေးအပ်ခြင်း ရှိ၊ မရှိနဲ့ ရပ်ကွက်နဲ့ ကျေးရွာ အုပ်ချုပ်ရေးတာဝန် ပေးအပ်ခြင်းကို ရာထူးသက်တမ်း အကြိမ်မည်မျှ သတ်မှတ်မည်ကို သိရှိလိုပါသဖြင့် ပြန်လည် ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လေးစား ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးပုဂ္ဂိုလ် ခန့်အပ်တာဝန်ပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း ၄၆ ။**

**ဦးအောင်ကျော်ဇံ (ပေါက်တောမဲဆန္ဒနယ်)** ။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားလို့ တက်ရောက် လာကြတဲ့ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ၊ ပေါက်တော မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်

မေးခွန်းက ဦးလွင်ဦး သန်လျင်မဲဆန္ဒနယ်က မေးသွားတဲ့မေးခွန်းနဲ့ တစ်ထပ်တည်းသဘောကျနေပေမယ့် မူလပြင်ဆင်ထားတဲ့အတိုင်း ကျွန်တော် ဆက်လက်တင်ပြခွင့်ပြုဖို့ လွှတ်တော်ကို တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅) ပုဒ်မ ၂၈၉ မှာ ပြဋ္ဌာန်းထားတာနဲ့ပတ်သက်လို့ မေးမြန်းထားတာ ဖြစ်ပါတယ်။ ကျွန်တော့် မေးခွန်းကတော့

(က) ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ခေါင်းစဉ်ငယ်အောက်မှာပါတဲ့ ပုဒ်မ ၂၈၉ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညို လေးစားပြီး သိက္ခာ၊ သမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနဲ့အညီ ခန့်အပ်တာဝန် ပေးဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားတဲ့နေရာမှာ ဥပဒေနဲ့အညီ မည်သည့် နည်းလမ်းဖြင့် ခန့်အပ်တာဝန်ပေးပါမည်နည်း။

(ခ) ဆောင်ရွက်ပုံ နည်းစနစ် သို့မဟုတ် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ပါမည်လား ဆိုပြီးတော့ ကျွန်တော်မေးထားတာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိတော်မူကြတဲ့အတိုင်းဘဲ ကျွန်တော့်မေးခွန်းဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရည်ညွှန်းထားတာ ဖြစ်တဲ့အပြင် ယေဘူယျ ဆန်လွန်းတဲ့အတွက် အနည်းငယ်ရှင်းလင်းပြဖို့လိုမှာဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်ဆက်လက်ရှင်းလင်းခွင့်ပြုပါရန် တစ်ဆက်တည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းမေးရတဲ့ ရည်ရွယ်ချက်ကတော့ ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့်ပုဂ္ဂိုလ်ဆိုတာကို ဘယ်လိုစံနဲ့ရွေးပါသလဲ။ ကျေးရွာအုပ်စုတစ်ခုမှာ ရွာတွေ အများကြီးရှိတဲ့အနက် ဘယ်ရွာက ပုဂ္ဂိုလ်ကို ရွေးမှာလဲ။ ရွေးတဲ့နေရာမှာ အရင်တုန်းကလို အဖွဲ့လိုက် မဟုတ်ဘဲနဲ့ တစ်ဦးတည်းဆိုတော့ကာ ဘယ်စနစ်နဲ့ရွေးမှာလဲ။ နောက်တစ်ချက်က ဥပဒေနဲ့အညီ ခန့်အပ်တာဝန်ပေးဖို့ဆိုတာ ဘယ်ဥပဒေကို ရည်ညွှန်းတာပါလဲဆိုတာ ကျွန်တော်မရှင်းပါဘူး။ ကျွန်တော်နားလည်တာကတော့ ဥပဒေနဲ့အညီ အုပ်ချုပ်တယ်ဆိုတာ အများဆန္ဒနဲ့အညီ အုပ်ချုပ်တာကိုခေါ်တာ ဖြစ်ပါတယ်။ ထိုနည်းဝင်းပဲ ရပ်ရွာက ကြည်ညိုလေးစားသော သိက္ခာ၊ သမာဓိရှိ သည့် ပုဂ္ဂိုလ်ဆိုတာကလည်း အများဆန္ဒနဲ့အညီ ရွေးချယ်တင်မြှောက်ခံရတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လေ့လာချက်တွေ ၊ အုပ်ချုပ်ရေးအတွေ့အကြုံတွေအရ လွတ်လပ်ရေးရပြီးစ ဖဆပလ ၊ ပထစ ခေတ်မှာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးကို သူကြီး

တစ်ဦးတည်းက ကိုင်ပါတယ်။ သူကြီးကို ဆန္ဒမဲစနစ်နဲ့ရွေးကောက်တင်မြှောက်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ပြည်သူ့ကောင်စီလက်ထက် ကျတဲ့အခါကျတော့ အရင်တုန်းကအခေါ် ရွေးချယ်တင်မြှောက်ပွဲနဲ့ ရွေးပါတယ်။ အဖွဲ့လိုက်ရွေးချယ်တာ ဖြစ်ပါတယ်။ elected body ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်၊ နောက်ပိုင်းကျတော့ နဝတ ၊ နယက ခေတ်မှာ ဆန္ဒမဲနဲ့ ရွေးချယ်တဲ့စနစ်မရှိတော့ဘဲနဲ့ appointed သဘောဆန်တဲ့ ၊ ခန့်အပ်တဲ့သဘောဆန်တဲ့ အခြေအနေဖြစ်လာပါတယ်။ တိတိကျကျလုပ်ထုံးလုပ်နည်း သတ်မှတ်ထားတာ ကျွန်တော် မတွေ့ရပါဘူး။ အခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး တဲ့နောက် လွှတ်တော်များ ပေါ်ပေါက်လာပြီးတဲ့နောက်မှာတော့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး ကို စနစ်တကျ ရွေးချယ် တာဝန်ပေးဖို့ လိုအပ်လာပြီလို့ ကျွန်တော်ယူဆပါတယ်။ ရွေးကောက်ပွဲနဲ့သွားမှ ဒီမိုကရေစီ ခေတ်စနစ်နဲ့ အံဝင်ခွင်ကျဖြစ်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် သတ်သတ်မှတ်မှတ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ လိုအပ်တယ်ဆိုတာကို ကျွန်တော် တင်ပြချင်တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဆင့်ဟာ နိုင်ငံတော်ရဲ့ အခြေခံ အုပ်ချုပ်ရေးယူနစ်ဖြစ်တာကြောင့် အလွန်အရေးကြီးလှပါတယ်။ ရပ်ကွက်ကျေးရွာအုပ်စု ပီပီပြင်ပြင် ၊ အုပ်ချုပ်ရေး ပီပီပြင်ပြင်မရှိရင် အထက်အဖွဲ့အစည်းအဆင့်ဆင့်ရဲ့ Image လို့ခေါ်တဲ့ ပုံရိပ်ကို ထိခိုက်ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံရဲ့ ပါတီတွေရှိလာတာကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးလုပ်ငန်းမှာ ရှုပ်ထွေးမှုတွေ၊ဘက်လိုက်မှုတွေ ရှိလာနိုင်ပါတယ်။ အုပ်ချုပ်ရေးကို နိုင်ငံရေး နှင့် ကင်းကင်းရှင်းရှင်း ထားနိုင်ပါမှ အများကြည်ညိုလေးစားလာအောင် ပွင့်လင်းစွာ ဆောင်ရွက် နိုင်ပါမှ ကျွန်တော်တို့ အုပ်ချုပ်ရေး ယန္တရား ပိုမိုသွက်လက်ထက်မြက်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ရပ်ကွက် / ကျေးရွာ အုပ်စုအုပ်ချုပ်ရေးတာဝန်ကို စနစ်တကျ ခန့်အပ်တာဝန်ပေးနိုင်ရန် အလို့ငှာ ရည်ရွယ်ပြီးတော့ ကျွန်တော် ဒီမေးခွန်းကို လေးလေးစားစား တင်ပြမေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဦးမောင်ဦး(ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရပ်/ကျေးအဆင့်အုပ်ချုပ်ရေး မဖြေခင်မှာ သိစေလိုတဲ့အချက်လေးတစ်ချက် တင်ပြ လိုပါတယ်။ အဲဒါကတော့ ရပ်ကွက်/ကျေးရွာအဆင့် အုပ်ချုပ်ရေးစနစ်နဲ့ပတ်သက်ပြီးတော့ မေးမြန်း ထားသူကိုယ်စားလှယ် စုစုပေါင်း လေးဦးရှိပါတယ်။ ပြည်သူ့လွှတ်တော်မှာ နှစ်ဦးမေးပြီးတော့၊ ပြည်ထောင်စုလွှတ်တော်မှာ နှစ်ဦးမေးထားပါတယ်။ အခြေအနေလေးကို သိစေချင်တဲ့ အတွက်ကြောင့်

တင်ပြခြင်း ဖြစ်ပါတယ်။ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးနှင့်ပတ်သက်လို့ ကိုယ်စားလှယ်ကြီး နှစ်ဦး မေးသွားတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ အနှစ်ချုပ်မေးခွန်းများကို ပြန်လည် တင်ပြရမယ်ဆိုလျှင်

(၁) ရပ်ရွာ လူထုနဲ့ ပတ်သက်ပြီးတော့ မည်ကဲ့သို့ စိစစ်ရွေးချယ်မလဲ၊

(၂) ဆုပေးဒဏ်ပေး စနစ်နဲ့ ပတ်သက်ပြီးတော့ ရပ် / ကျေးအုပ်ချုပ်ရေး တာဝန်ပေးထားတဲ့ လူတွေကို ဘယ်လိုချီးမြှင့်မလဲ၊ ဥပဒေနဲ့အညီ ဘယ်လို ထိန်းကျောင်းမလဲ။

(၃) အချက်အနေနဲ့ ကာလတာရှည်စွာ တာဝန် ထမ်းဆောင်သူများကို ဆက်လက်တာဝန် ပေးအပ်ခြင်း ရှိ၊ မရှိ ရာထူးသက်တမ်းကို အချိန်မည်မျှ သတ်မှတ်ထားမည်ကို သိရှိလို ပါတယ်ဆိုပြီးတော့ ပထမကိုယ်စားလှယ်ကြီးက မေးပါတယ်။

ဒုတိယကိုယ်စားလှယ်ဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဆရာကြီး ဦးအောင်ကျော်ဇံ မေးမြန်းချက်မှာတော့ အနှစ်ချုပ်အားဖြင့် ဥပဒေနှင့်အညီ မည်သည့်နည်းလမ်းဖြင့် ရွေးချယ်ခန့်အပ်ပေးမလဲ။ ဆောင်ရွက်ပုံနည်းစနစ် သို့မဟုတ် လုပ်ထုံး လုပ်နည်းများ သတ်မှတ်ထုတ်ပြန်ပေးမည်လား ဆိုပြီးတော့ နှစ်ချက်မေးတာ ဖြစ်ပါတယ်။ အဲဒီမေးခွန်း အချက် ငါးချက်ဟာ နောက်မေးတဲ့မေးခွန်းနှစ်ချက်က တူညီပြီးဖြစ်ပါတယ်။ ဒီဟာ နှစ်ခု၊ မေးခွန်း ငါးခု နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းဖြေကြားပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ ရပ်ရွာက ကြည်ညိုလေးစားပြီး သမာဓိရှိသည့် ပုဂ္ဂိုလ်ဆိုသည်မှာ ရပ်ရွာမှ အလေးအမြတ်ပြု၍ လေးစားသော စောင့်စည်းအပ်သည့် ဂုဏ်သိက္ခာနဲ့ စောင့်စည်းထိန်းသိမ်းအပ်သော ကိုယ်ကျင့်တရား၊ တည်ကြည် ဖြောင့်မတ်မှုရှိသူကို ဆိုလိုပါသည်လို့ မြန်မာအဘိဓာန်စာအုပ် စာမျက်နှာ ၂၃၊ ၂၈၉၊ ၃၂၉ နဲ့ ၃၃၁ မှာ အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။ ဒီလို အရည်အချင်း နှစ်ရပ် ရှိတယ်မရှိဘူးဆိုတာ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာမှာ နေထိုင်တဲ့လူတွေက အသိဆုံးဖြစ်ပါတယ်။ ရပ်ကွက်နဲ့ ကျေးရွာ အုပ်ချုပ်ရေးမှာ တာဝန်ယူမယ့်သူတွေကို ရွေးချယ်မှုနဲ့ပတ်သက်လို့က ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေအားလုံး ပြဋ္ဌာန်း ပြီးသားဖြစ်ပါတယ်။ ယနေ့အထိလည်း အဲဒီ ပြဋ္ဌာန်းပြီးတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြား ချက်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ အောက်ပါ အရည်အချင်းများနဲ့ ကိုက်ညီသူများကိုသာ ရွေးချယ်ထားသည့်နည်းစနစ်အတိုင်း တာဝန်ပေးမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်တဲ့ ညွှန်ကြားချက် ၊ ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် မှာ ထုတ်ပြန်တဲ့ ညွှန်ကြားချက် ၊

၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်မှာ ထုတ်ပြန်တဲ့ ညွှန်ကြားချက်များအရ တရားဝင်သတ်မှတ် ထားပြီး ဖြစ်ပါတယ်။ အဲဒီအရည်အချင်းတွေကတော့ -

(က) ရပ်ကွက်/ကျေးရွာ အုပ်စုမှ ကြည်ညိုလေးစားသူ၊

( ခ ) မည်သည့် နိုင်ငံရေးအဖွဲ့အစည်းမှ ပါဝင်သူမဖြစ်စေရ၊

( ဂ ) အစိုးရအဆက်ဆက်တွင် နေရာယူခဲ့ကြသော ပွဲလန့်ဖျာခင်းသူများမဖြစ်စေရ၊

(ဃ) မိသားစု ဆွေမျိုးစု အင်အားဖြင့်ခေတ်အဆက်ဆက် ဆိုးမိုက်နေသူများ မဖြစ်စေရ၊

( င ) မြို့နယ် အဖွဲ့အစည်းသို့ ချဉ်းကပ်၍အခွင့်အရေးကို လက်ဦးမှု ရယူတတ်သူများ မဖြစ်စေရ၊

( စ ) ပြီးခဲ့သည့်အရေးအခင်းများတွင် ပါဝင်လှုပ်ရှားခဲ့သူများ၊ နည်းမျိုးစုံဖြင့် အားပေးအား မြှောက်ပေးသူများ မဖြစ်စေရ၊

(ဆ) နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများကို ဆန့်ကျင်သူများ မဖြစ်စေရ၊

( ဇ ) အမှုအခင်းမရှိသော နယ်ဘက်စစ်ဘက်အငြိမ်းစားများ၊ ရပ်မိရပ်ဖထဲမှ ကြည်ညိုလေး စားမှုရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်သူများကို စိစစ်ရွေးချယ်ရန်၊

( ဈ ) ရပ်ကွက်/ကျေးရွာအုပ်စု စာရေးမှအပ တာဝန်ထမ်းဆောင်ဆဲ အခြားဝန်ထမ်းများကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းမပြုရန်၊

(ည) ပြစ်မှုကျူးလွန်သူများ၊ ပြစ်ဒဏ်ကျခံသူများ၊ ဆိုးသွမ်းသူများနှင့် ရပ်ရွာလူထု၏ ကြည်ညိုလေးစားမှု မရှိသူများ မဖြစ်စေရ၊

လို့ ညွှန်ကြားချက် သုံးခုမှာ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ ထုတ်ပြန်ခဲ့တဲ့ အမိန့်ညွှန်ကြားချက်မှာတော့ ရွေးချယ်တဲ့စနစ်နဲ့ပတ်သက်ပြီး ညွှန်ကြားခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာ ဖော်ပြထားတာကတော့

(က) မြို့နယ်အဖွဲ့ဝင်များကိုသာ ကွင်းဆင်းပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ ပြည်သူများနှင့် မျက်နှာစုံညီ လက်ဖက်ရည်ဝိုင်းပုံစံဖြင့် ထိတွေ့ရွေးချယ်ရန်၊

( ခ ) အဖွဲ့ဝင် လျာထားသူများ၏ နောက်ကြောင်းအချက်အလက်များရယူ၍ ပြည်သူအပေါ် ထားရှိသည့်သဘောထား မှန် မမှန် စိစစ်ရန်၊

( ဂ ) အဖွဲ့ဝင်အဖြစ် လျာထားသူများအား ကိုယ်တိုင်တွေ့ဆုံစိစစ်မေးမြန်းရန်၊

(ဃ) ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့နာယက အဖွဲ့မှ ဆရာတော်များထံ တင်ပြလျှောက်ထား၍ သဘောထားယူရန်၊

(င )　ရွေးချယ်ရာတွင် အဖွဲ့ဝင် သုံးဦးနှင့် အရန် သုံးဦးရွေးချယ်တင်ပြရန်၊ ယင်းတို့အထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် မြို့နယ်မှ ရွေးချယ်ပေးအပ်ရန် ဆိုပြီးတော့ ညွှန်ကြားထားတာ ရှိပါတယ်။

နံပါတ် ၂ မေးခွန်းဖြစ်တဲ့ ဆုပေးဒဏ်ပေးစနစ်နဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းအရ သူကြီးဆိုသည်မှာ ပုံသေလစာ ငွေကြေး ခံစားရခြင်းမရှိဘဲနဲ့ ကောက်ခံငွေများအပေါ်တွင် ခိုင်ကြေးရရှိသူဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ District Act ပုဒ်မ ၄ အရ မြန်မာနိုင်ငံအပေါ်မှာ မြေခွန်တော်အတွက် တန်ဖိုးဖြတ် စည်းကြပ်ရာတွင် အခွန်စည်းကြပ်နိုင်သည့် အခွင့်အာဏာဖြင့် မြေခွန်ကောက်ခံပြီး ယင်းကောက်ခံရရှိသည့် အခွန်တော် ၏ ၁၀ % ကို အခွန်ကောက်ခံသူအား ပြန်လည်ပေးအပ်ခြင်းလို့ ဖော်ပြထားတဲ့အတွက် ခိုင်ကြေးရရှိပြီး ဖြစ်ပါတယ်။ အခွန်တော် ကောက်ခံသူဟာ ၁၉၀၇ ခု ၊ မြန်မာနိုင်ငံ အက်ဥပဒေ ပုဒ်မ ၃၊ မြို့ပြဥပဒေ ၇/၁ (စ) အရ ကျေးရွာရဲ့ အကြီးအကဲသည် မြေပိုင်သူများထံမှ အစွမ်းကုန် အခွန်ကောက်ခံရန် တာဝန် ပေးအပ်ထားပါသည်လို့ ဖော်ပြထားပါသည်။ ရှေးယခင် အဆက်ဆက်ကပဲ ရွာလူကြီး တာဝန် ထမ်းဆောင်သူများဟာ အခကြေးငွေကို အဓိကမထားဘဲနဲ့ ဂုဏ်သိက္ခာကိုသာ တန်ဖိုးထား ဆောင်ရွက်ခဲ့တဲ့ အကြောင်းကို တွေ့ရှိရပါတယ်။ လစာငွေကြေးပေးလို့ရှိရင် ငွေကြေးကိုတွက်ပြီး ဆောင်ရွက်တတ်တဲ့အတွက်ကြောင့် အုပ်ချုပ်မှုအပိုင်းမှာ ကန့်သတ်ချက်တွေ ရှိလာနိုင်ပါတယ်။ ယခုကာလအထိလည်း ကောက်ခံရရှိတဲ့ အခွန်တွေပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ခိုင်ကြေးများကို ထုတ်ပေးနေဆဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရပ်ကွက်/ကျေးရွာ အက်ဥပဒေအရ ယင်းတို့ကို လုပ်ပိုင်ခွင့်နဲ့ တာဝန်ပေးထားပြီးဖြစ်တဲ့အတွက်ကြောင့် လစာငွေကြေးပေးရန် မလိုအပ်တော့ပါ။ ဂုဏ်သိက္ခာ ကို တန်ဖိုးထားဆောင်ရွက်သည်ဆိုပါက အုပ်ချုပ်ရေးသမားများအနေနဲ့ ဂုဏ်သိက္ခာနဲ့အညီ အုပ်ချုပ်ဆောင်ရွက်ရမည်ဖြစ်၍ သိက္ခာရှိသည့် အုပ်ချုပ်မှုစနစ်ဖြစ်ပြီးတော့ တည်ငြိမ်မှုလည်း ရလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဥပဒေ အမှတ် ၆၊ ကျေးရွာအက်ဥပဒေ ပုဒ်မ ၆ တာဝန်နဲ့အာဏာများအခန်းမှာ လုပ်ပိုင်ခွင့်နဲ့ တာဝန်များလည်း သတ်မှတ်ပြဌာန်းပြီးဖြစ်ပါတယ်။ အုပ်ချုပ်သူများဟာ သတ်မှတ်ထားတဲ့ ဥပဒေဘောင်အတွင်းမှသာ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ထိန်းကျောင်းမှုဟာ အလိုလိုရှိလာပြီး ဖြစ်ပါတယ်။

ရပ်/ကျေးတာဝန်ရှိသူများဆက်လက်တာဝန်ပေးအပ်ခြင်း ကာလ သတ်မှတ်ချက်နဲ့ ပတ်သက်ပြီးတော့ တတိယမေးခွန်းကို ကျွန်တော်တို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယခင်တုန်းက ရာထူးသက်တမ်း ကြာလာလို့ရှိရင် မလိုလားအပ်တဲ့ အုပ်ချုပ်မှုဖြစ်စဥ်တွေ ပေါ်ပေါက်လာတဲ့ဖြစ်စဥ်ရှိတဲ့

အတွက်ကြောင့် သက်တမ်း သုံးနှစ် သတ်မှတ်ပေးခဲ့ပါတယ်။ အုပ်ချုပ်မှု ဖြစ်စဥ်များမှာ ဘက်လိုက်ခြင်း၊ ဖောက်ပြန်ခြင်း တို့ကြောင့် ရာထူးက ဖယ်ရှားမှုများလည်း လက်ရှိ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှာ ရပ်ကွက် ၃၄၀၂ ခု ၊ ကျေးရွာအုပ်စု ၁၃၆၂၉ ခု ရှိပါတယ်။ အသစ်ရွေးချယ်ခြင်း၊ တင်မြှောက်ခြင်းများလည်း မပြတ်ဆောင်ရွက်ပေးနေရတဲ့ အခြေအနေရှိပါတယ်။ ခန့်အပ်ထားတဲ့ ရာထူးက ဖယ်ရှားရတဲ့ အရေအတွက်ကို ပြန်ကြည့်ရင် .၀၀၇% သာ ရှိတယ်လို့ ကျွန်တော်တို့ မှတ်တမ်းများအရ စိစစ်ဖော်ထုတ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ရာထူးတာဝန်ပေးအပ်ခြင်းနဲ့ ပတ်သက်ပြီးတော့ သက်တမ်း၊ အကြိမ်ရေ သတ်မှတ်ချက်မရှိပါ။ ရွေးချယ်ခန့်အပ်ပြီးသော ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ ပြည်သူက မကျေနပ်၍ တိုင်ကြားစာများ ပေါ်ပေါက်လာပါက စုံစမ်းခြင်း၊ အရေးယူခြင်း၊ ရာထူး ဖယ်ရှားခြင်းများကို မပြတ်ပြုလုပ်လျက်ရှိပါတယ်။ အလျဥ်းသင့်လို့ ဖြည့်စွက် တင်ပြချင်တာကတော့ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်မှာ နိုင်ငံတစ်ဝန်းလုံးဖြန့်ချိတဲ့ သတင်းစာတွေထဲမှာ မြန်မာနိုင်ငံ အုပ်ချုပ်ရေး ယန္တရား ရပ်/ကျေးရေးရာအဆင့်နဲ့ ပတ်သက်ပြီးတော့ ကျေနပ်မှု မရှိလို့ရှိရင် ပြည်ထဲရေးဝန်ကြီးဌာနကို ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း တင်ပြနိုင်တယ်။ အကြောင်းကြားနိုင်တယ်ဆိုတာ ဝန်ကြီးဌာနအနေနဲ့ တရားဝင် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ယနေ့ အထိလည်း အဲဒီအတိုင်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့ အတွက်ကြောင့် ဗဟုသုတ အနေနဲ့ ပြောကြားရမယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ရပ်/ကျေး မြို့နယ်အဆင့်က တင်ပြလာတဲ့ ပြည်သူတစ်ဦးချင်းရဲ့ တင်ပြစာဟာ လစဥ် ၈၀၀ ၊ မူလပိုင်းမှာ ၈၀၀ ခန့်ရှိပြီးတော့ ယခု လစဥ် ၂၀၀၀ ခန့် တက်နေပါတယ်။ ဒီတက်နေတာနဲ့ပတ်သက်ပြီးလည်း သက်ဆိုင်ရာ ဝန်ကြီးအဖွဲ့ဌာနမပါတဲ့ အခြား ဌာနများနဲ့ စုံခုံများ ဖွဲ့စည်းပြီးတော့ သတင်းစာထဲမှာ ကြေညာတဲ့အတိုင်း လက်တွေ့ ဆောင်ရွက်လျက် ရှိပါတယ်။ အရေးယူမှုများနဲ့ ပတ်သက်လို့လည်း ၂၀၀၉-၂၀၁၀ နှစ်ချုပ်စာရင်းများ ရှိပါတယ်။ သိလိုသူများရှိရင် အစည်းအဝေးနားတဲ့ ပြင်ပအချိန်မှာ မေးမြန်းလို့ရပါတယ်။ နိုင်ငံတော် အစိုးရအနေနဲ့တော့ အုပ်ချုပ်ရေး ယန္တရားခိုင်မာနိုင်ဖို့အတွက် နည်းစုံလမ်းစုံ အခွင့်အရေးပေါင်းစုံနဲ့ ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာ အခြေခံကျတဲ့ ရပ်/ကျေးအဆင့် အုပ်ချုပ်ရေး ယန္တရားနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့ ညွှန်ကြားချက်၊ အမိန့်၊ ကျင့်သုံးနေတဲ့ဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့ပတ်သက်လို့ ကျွန်တော်တတ်စွမ်းသမျှ ရှာဖွေ စုဆောင်းပြီးတော့ တာဝန်ရှိသူ တစ်ယောက်အနေနဲ့ ယခုလို ဖြေကြားပေးရခြင်းကို များစွာကျေးဇူး တင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ။ (ဩဘာသံများ)

**အမတော်ကြေးကို တိုးမြှင့်ပေးရေးအစီအစဉ်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပုဇွန်တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁ း ဝ၇ ။**

**ဦးအောင်ဇင်(ပုဇွန်တောင် မဲဆန္ဒနယ်)** ။ ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်ရှိမြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးစရိတ်ကို နိုင်ငံတော်မှ တစ်ဧကလျှင် ၈၀၀၀ ကျပ်နှုန်းဖြင့် တောင်သူလယ်သမားများကို နှစ်စဉ် ချေးငှားပေးလျက်ရှိပါသည်။ သို့ရာတွင် အမှန်တကယ်ကုန်ကျနေသည်မှာ တစ်ဧကကို တစ်သိန်းငါးသောင်းကျပ်မျှရှိပြီး တောင်သူများမှာ စိုက်ပျိုးစရိတ် မလုံလောက်၍ ချေးငှားထည့်သွင်း စိုက်ပျိုးနေကြရရှာပါသည်။ အကြွေးတင်၍ မိသားစု လယ်ယာစီးပွားရေးလုပ်ငန်းမှာ ပျက်ယွင်း နိုင်သည့် အနေအထားသို့ ရောက်ရှိနေသည် ဖြစ်ပါသည်။

သို့ရာတွင် ၁၉၅၄ ခုနှစ်မှစ၍ နှစ်စဉ် စိုက်စရိတ် ထုတ်ချေးရာတွင် စိုက်ဘဏ်မှ ကျပ်တစ်သိန်းလျှင် ငွေကျပ် ၆၀၀၀ ဖြတ်ယူ၍ တောင်သူလယ်သမားများ၏ စုဆောင်းငွေအဖြစ် ထားရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပြီး ယင်းသို့ ဖြတ်ယူကောက်ခံသည့် ငွေရပြေစာများလည်း ထုတ်ပေးထားပြီး ဖြစ်ပါတယ်။ သို့ရာတွင် ယင်းလယ်ယာစီးပွားရေးနှင့် စပ်ဆိုင်သော မေးခွန်းနှစ်ရပ်ကို မေးခွင့်ပြုပါရန် တင်ပြအပ်ပါသည်-

(က) စိုက်ပျိုးစရိတ်မပြည့်မီသော အမတော်ကြေးကို တစ်ဧက စိုက်ပျိုးစရိတ် မည်မျှအထိ တိုးမြှင့်ပေးရန် အစီအစဉ်ရှိပါသလား။ မရှိသေးပါက အဆိုပါ စိုက်ပျိုးစရိတ် အခက်အခဲ ကို မည်သို့ ဖြေရှင်းဆောင်ရွက်ပေးပါမည်နည်း၊

(ခ) လယ်သမားတို့၏ အမတော်ကြေးမှ စုဆောင်းငွေများမှာ ဆယ်စုနှစ် ငါးခုမြောက်ရှိနေပြီဖြစ်ရာ အဆိုပါစုငွေထဲမှ အမတော်ကြေးလုံလောက်စွာ ချေးငှားပေးရန် ဖြစ်နိုင်ပါသလား ဆိုသည်ကို ပြန်လည်ဖြေကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ( ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ တာဝန်ရှိသူမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန် ၁၁ း ၁၅ ။**

**ဦးဌေးဦး( ဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး တာဝန်ယူထားတဲ့ ဦးဌေးဦး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်က လက်ရှိမြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးစရိတ်ကို နိုင်ငံတော်က တစ်ဧကလျှင် ၈၀၀၀ ကျပ်နှုန်း တောင်သူလယ်သမားများကို နှစ်စဉ်ချေးငွေပေးလျက်ရှိကြောင်း၊ သို့သော်လည်း အမှန်တကယ် ကုန်ကျနေတာကတော့ တစ်ဧကကို ကျပ်တစ်သိန်းခွဲ ရှိတဲ့အတွက် တောင်သူများ စိုက်ပျိုးစရိတ်မလုံလောက်၍ ချေးငွေထည့်သွင်းစိုက်ပျိုးနေရရာ အကြွေးတင်ပြီး မိသားစုလယ်ယာစီးပွားရေးလုပ်ငန်းမှာ ပျက်ယွင်းနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်က စပြီး နှစ်စဉ် စိုက်စရိတ် ထုတ်ချေးတဲ့နေရာမှာ စိုက်ဘဏ်မှ ကျပ်တစ်သိန်းလျှင် ငွေကျပ် ခြောက်ထောင် ဖြတ်ယူပြီး တောင်သူလယ်သမားများ၏ စုဆောင်းငွေအဖြစ် ထားရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပြီး ယင်းသို့ဖြတ်ယူ ကောက်ခံရတဲ့ ငွေရပြေစာများလည်း ထုတ်ပေးထားပါကြောင်း ဖော်ပြပြီး ယင်းလယ်ယာစီးပွားရေးနဲ့ သက်ဆိုင်တဲ့ အောက်ပါမေးခွန်းနှစ်ရပ်ကို မေးမြန်းခွင့်ပြုဖို့ တင်ပြလာတာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကတော့ -

(က) စိုက်စရိတ်မပြည့်မီတဲ့ အမတော်ကြေးကို တစ်ဧက စိုက်ပျိုးစရိတ်မည်မျှအထိ တိုးမြှင့်ပေးရေးအစီအစဉ် ရှိပါသနည်း။ မရှိသေးပါက အဆိုပါ စိုက်ပျိုးစရိတ် အခက်အခဲကို မည်သို့ ဖြေရှင်းဆောင်ရွက်ပေးပါမည်နည်း။

(ခ) လယ်သမားတို့ရဲ့ အမတော်ကြေးမှ စုဆောင်းငွေများမှာ ဆယ်စုနှစ် ငါးခုမျှ ရှိနေပြီ ဖြစ်ရာ အဆိုပါ စုငွေထဲမှ အမတော်ကြေးလုံလောက်စွာ ချေးငွေပေးရန် ဖြစ်နိုင်ပါသလား ။

ဆိုပြီးတော့မှ မေးမြန်းထားတာ ဖြစ်ပါတယ်။ ဒီမေးမြန်းထားချက်ကို ကျွန်တော့်အနေနဲ့ ရှင်းလင်း တင်ပြသွား မှာဖြစ်ပါတယ်။

နိုင်ငံတော်က တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် အထောက်အကူဖြစ်စေရန်ဒါ အထောက်အကူဖြစ်စေရန်လို့ဘဲ ကျွန်တော်ပြောတာ ဖြစ်ပါတယ်။ အကုန်ကို ပြည့်စုံဖို့ဆိုတာ

မဖြစ်နိုင်ပါဘူး။ စိုက်ပျိုးစရိတ်ကို အထောက်အကူဖြစ်စေဖို့အတွက် မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ် ကို ၁၉၅၃ ခုနှစ်မှာ စတင်ဖွင့်လှစ်ပြီး စိုက်ပျိုးစရိတ်ထုတ်ချေးရေးကို ဆောင်ရွက်ပေးလျက် ရှိပါ တယ်။ စိုက်ပျိုးစရိတ် ထုတ်ချေးမှုအခြေအနေမှာ စပါးသီးနှံစိုက်ပျိုးမှုအတွက် တစ်ဧကမှာ ၁၉၈၈ -၈၉ ခုနှစ်မှာ ၁၆၀ ကျပ်နှုန်းဘဲ ရှိပါတယ်။ အဲဒီကနေပြီး ကာလအလိုက်တိုးမြှင့်ပြီး ထုတ်ချေး ပေးတဲ့ နေရာမှာ ၂၀၁၀-၁၁ ခုနှစ်မှာ တစ်ဧကကို ကျပ် ၂၀၀၀၀ နှုန်းထိ တိုးမြှင့်ထုတ်ချေး ပေးလျက်ရှိပါတယ်။ ထုတ်ချေးမှု အနေနဲ့လည်း ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကျပ်သန်းပေါင်း ၉၇၂၆၈. ၈၂ သန်းနဲ့ ယခု ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျပ်သန်းပေါင်း ၁၉၇၅၁၇.၁ ထုတ်ချေးပြီး ဖြစ်ပါတယ်။ တိုးတက်ပြီး ထုတ်ချေးပေးနေတဲ့ သဘောကို တင်ပြခြင်းဖြစ်ပါတယ်။ စိုက်ပျိုးဧကများတဲ့ စပါးသီးနှံနဲ့ ပတ်သက်ပြီး လယ်သမားတိုင်း စိုက်စရိတ် လိုအပ်ခြင်းမရှိနိုင်ပေမဲ့ ထုတ်ချေးနိုင်တဲ့ ငွေအခြေအနေပေါ် မူတည်ပြီး စိုက်ပျိုးစရိတ် လိုအပ်နိုင်တဲ့ လုပ်ကွက်ငယ် တောင်သူလယ်သမား တွေကို ဦးစားပေးပြီး ဆယ်ဧကနဲ့ အောက်ကိုသာ ထုတ်ချေးပေးတာ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ငွေကြေးပမာဏ အရ လောလောဆယ် စိုက်စရိတ်ကို တိုးမြှင့်ပေးနိုင်ခြင်း မရှိသေးပါဘူး။ သို့သော်လည်း စိုက်ဧက အရေအတွက်ကိုတော့ တိုးတက်ထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက် ရှိကြောင်း ပြောကြား လိုပါတယ်။ စိုက်စရိတ် အခက်အခဲကို အဆင်ပြေစေဖို့အတွက် သီးနှံ တွေဝယ်ယူရတဲ့ဌာနတွေက သီးနှံအလိုက်၊ ဒေသအလိုက်၊ ကြိုတင်ပေးငွေတွေ ထုတ်ပေးတာတွေ၊ သမဝါယမ ဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီး စိုက်စရိတ်များ ရရှိစေရန် ဆောင်ရွက်ပေးတာတွေ၊ သီးနှံအထူးပြု အဖွဲ့တွေ ၊ တောင်သူ အကျိုးကို လိုလားသူတွေကို ဖွဲ့စည်းပြီး စိုက်စရိတ်တွေ ထပ်ဆောင်း ထုတ်ပေးခြင်းတို့ကိုလည်း နယ်မြေအလိုက် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ တောင်သူလယ်သမား တွေကိုယ်တိုင် ထည့်ဝင် စုဆောင်းငွေတွေက စိုက်စရိတ်လိုသူ တောင်သူများ ချေးယူနိုင်ရေးကိုလည်းပဲ စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း ဖြေကြားလိုပါတယ်။

ကျေးလက်နေ တောင်သူလယ်သမားတွေရဲ့ ငွေပိုငွေလျှံတွေ ဘဏ်မှာ အပ်နှံထားရှိတဲ့ အလေ့ အထကောင်းတွေ ရရှိဖို့၊ ဘဏ်စနစ်ကျင့်သုံးတတ်စေရေးနဲ့ ငွေစုဆောင်းတဲ့ အလေ့အကျင့်ရရှိစေရေး တို့ကို ရည်ရွယ်ပြီး၊ ၁-၁၀-၁၉၉၃ ခုနှစ်မှစပြီး တောင်သူတစ်ဦးချင်းစုဆောင်းငွေအတွက် ငွေစု စာရင်းစာအုပ် ဖွင့်လှစ် စုဆောင်းစေခြင်း၊ သတ်မှတ်ထားသော အတိုးနှုန်းများ ထည့်သွင်း ပေးခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဦးအောင်ဇင်မေးမြန်းစာမှာပါတဲ့ ၁၉၅၄ ခုနှစ်ကစပြီး စုဆောင်းစေတာမဟုတ်ပါဘူး။ ၁-၁၀-၁၉၉၃ ခုနှစ်ကနေ ၂၈-၂-၂၀၁၁ ရက်နေ့အထိ ငွေစု စာရင်း ဖွင့်လှစ်တဲ့ တောင်သူဦးရေဟာ ၂၉၃၈၉၆၅ ရှိပြီး စုဆောင်းအပ်နှံငွေပေါင်း စုစုပေါင်း ကျပ်သန်းပေါင်း

၄၄၆၀၁.၁၇ ဖြစ်ပါတယ်။ စုဆောင်းတဲ့ တောင်သူတစ်ဦးချင်းရဲ့ပျမ်းမျှ စုဆောင်း နိုင်မှုမှာ တစ်ဦးကို ၁၅၁၇၆ ကျပ်ပဲ ရှိပါသေးတယ်။ တောင်သူတွေရဲ့ စုဆောင်းငွေတွေကို တောင်သူ များရဲ့ စိုက်ပျိုးရေးလုပ်ငန်းအတွက် နိုင်ငံတော်က ထုတ်ချေးငွေ ကျပ်သန်းပေါင်း ၁၅၂၉၁၅.၉ နဲ့အတူ ပူးပေါင်းပြီးတော့မှ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ လက်ရှိ စုဆောင်း ငွေပမာဏ နည်းပါးနေသေးတဲ့အတွက် စိုက်စရိတ်လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသော်လည်း စုဆောင်းငွေတွေ တိုးပွားလာတာနဲ့အမျှ ပိုမိုတိုးတက် အထောက်အကူ ပြုနိုင်မှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း ၊ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။ ဒါကြောင့် လွှတ်တော်အစည်းအဝေးကို နာရီဝက်ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ လွှတ်တော်အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ]**

**အချိန် ၁၁ း ၁၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးတင်မောင်ဝင်း ၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ " အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေး ၊ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေ(မူကြမ်း) တစ်ရပ်ကို လာမည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁ း ၅၀ ။**

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ် တစ်ချို့ ဝမ်းနည်းနည်းပျက်လို့ နားဖို့ ခွင့်တိုင်တဲ့သူလည်းရှိပါတယ်။ ဒီထဲမှာ တကယ်လို့ ဝမ်းပျက်နေတယ် ၊ ထိုင်ရတာ အခက်အခဲရှိတယ်ဆိုရင်လည်း မိမိတို့ နားနိုင်ပါတယ်။ ကျွန်တော်လည်း မနေ့က ကျွန်တော့် ရဲဘော်တွေ အကြံပြုချက် အရ ပုဆိုးကို နဲနဲရှည်ရှည် ဝတ်လာပါတယ်။ ဝတ်တဲ့အခါမှာ အခုအတက်မှာ ပုဆိုးစနင်းမိမယ် ဖြစ်လို့ တော်တော်သတိထားလိုက်ရပါတယ်။ ဒါပေမယ့်ကောင်းတာကတော့ ဒီနေ့ ခြင်နည်းနည်းကိုက်တယ်။ ကိုက်တော့ ပုဆိုးရှည်ရှည်ဝတ်ထားတဲ့အတွက် နည်းနည်းတော့ သက်သာပါတယ်။ ဆက်လက်ပြီးတော့ အဆိုများ ဆွေးနွေးခြင်း အစီအစဉ် ဖြစ်ပါတယ်။ အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁ း ၅၁ ။**

**ဦးသိန်းထွန်းဦး(အမရပူရ မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ ပြည်ထောင်စုကြီး၏ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းတဲ့ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေ(မူကြမ်း) တစ်ရပ်ကို လာမည့် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမား အင်အားကို စနစ်ကျနစွာ အသုံးချရေး၊ အလုပ်ရှာဖွေသူများအား သင့်တော်ရာလုပ်ငန်းခွင်များသို့ အမြန်ဆုံးနေရာချထားရေး ၊ စွမ်းဆောင်ရည်ထက်မြက်သော ကျွမ်းကျင်အလုပ်သမားများ စဉ်ဆက် မပြတ် ဖြစ်ပေါ်ရေးဟူသည့် ကောင်းမြတ်သော အလုပ်သမားရေးရာ ရည်မှန်းချက်များဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်ခင်ဗျား။

ဒီရည်မှန်းချက်အရ ဆောင်ရွက်ရာမှာ နိုင်ငံတော်၏ အလုပ်သမား အင်အားစုကြီးကို ထိထိ ရောက်ရောက်ပြည့်ပြည့်ဝဝ အသုံးချနိုင်ရေးအတွက် ပြောင်းလဲ တိုးတက်လာသည့် ဈေးကွက် လိုအပ် ချက်နဲ့အညီ အလုပ်သမားများကို ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးကို မဖြစ်မနေ ဆောင်ရွက်သွားရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အလုပ်ရှင်နှင့်အလုပ်သမားတို့အကြားမှာ ကောင်းမွန်သော ဆက်ဆံမှု ရရှိရေးနှင့် လုပ်ငန်းခွင် အေးချမ်းသာယာမှု ရရှိရေးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ် ချုပ်ဆို ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ သုံးပွင့် ဆိုင် မဏ္ဍိုင်ကြီးများအတွင်း နိုင်ငံတော်စီးပွားရေးကဏ္ဍရဲ့ အဓိက ပါဝင်သူတွေ အားလုံးအကြားမှာ အနီးကပ် ပူးပေါင်းဆောင်ရွက်ရေး၊ ထိရောက်သော ညှိနှိုင်းမှု ပြုလုပ်နိုင်ရေးတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ ကျွမ်းကျင်မှု မြှင့်တင်ရေးတို့အတွက် ဥပဒေကြမ်းပြုစုရန် တင်သွင်းခဲ့တဲ့ အဆိုဟာ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်သော ဥပဒေကြမ်း ဖြစ်ပါ၍ လာမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက အချိန်မီ ရေးဆွဲ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက် ပေးနိုင်ပါရန် လေးစားစွာ ထောက်ခံတင်ပြ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁ း ၅၅ ။**

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ၊ အထူးဧည့်သည်တော်များခင်ဗျား။ ကျန်းမာချမ်းသာ ဘေးဘယာဝေးကွာပြီးတော့ မင်္ဂလာအပေါင်းနဲ့ ခပြောင်းပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ် မဲဆန္ဒနယ်မြေမှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးတင်မောင်ဝင်းရဲ့ အလုပ်သမားရေးရာ အဆိုတစ်ရပ်ကို ဆွေးနွေးလိုပါတယ်။ ဦးတင်မောင်ဝင်းရဲ့အဆိုမှာ အချက် ၃ ချက် တွေ့ရပါတယ်။ ဒီတော့ကာ ဥပဒေကြမ်းအနေနဲ့လည်း ၃ မျိုးစာ စီစဥ်ဆောင်ရွက်ဖို့လို့ ကျွန်တော် မြင်ပါတယ်။ ဒါမှမဟုတ်ဘဲနဲ့ အလုပ်သမားရေးရာ ဥပဒေကြီးတစ်ရပ်အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်မယ်ဆိုလို့ရှိရင်လည်း ဖြစ်ပါတယ်။ ဦးတင်မောင်ဝင်းရဲ့ အဆို ၃ ချက် ကျွန်တော်မြင်တာ ကတော့ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ၃ မျိုး ဖြစ်ပါတယ်။ ပထမဆုံးဖြစ်တဲ့ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးဟာ တိုင်းပြည်ရဲ့ကိုင်စွဲတဲ့ စီးပွားရေးမူဝါဒအပေါ် မူတည် နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅ မှာ နိုင်ငံတော်ရဲ့ စီးပွားရေးဟာ ဈေးကွက် စီးပွားရေးဖြစ်တယ်လို့ ဆိုထားတဲ့အတွက်ကြောင့် လူတို့ရဲ့ အတောမသတ်နိုင်အောင် အမျိုးမျိုးသော ၊ အဖုံဖုံသော ဆန္ဒတွေအရ ပေါများလှတဲ့ ဝယ်လိုအားကိုတော့ နိုင်ငံသား တစ်ဦးချင်းက ဥာဏ်ရှိသလို စွန့်စားတီထွင် တိုးချဲ့သွားမှာ ဖြစ်တဲ့ မူဝါဒဖြစ်တာကြောင့် တိုင်းပြည်ရဲ့ ဈေးကွက်စီးပွားရေး မူဝါဒဟာ ဦးတင်မောင်ဝင်း အဆိုဖြစ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေးအတွက် မှန်ကန်တဲ့ မူဝါဒ ဖြစ်ပြီးသားလို့ တွေ့ရပါတယ်။ အဲဒီမှာ အစိုးရပိုင်းအနေနဲ့ပေါ့လေ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေးအတွက် အရင်းအနှီးသစ်များ၊ ရှာဖွေရေးမူဝါဒဆိုတာ လိုအပ်တယ်လို့ ကျွန်တော် မြင်တာလေးကို ဆွေးနွေးလိုပါတယ်။ အရင်းအနှီးသစ်များရှာဖွေရေးအတွက်က အဓိကအားဖြင့် ပြည်သူ့စုဆောင်းမှုက ရရှိပါတယ်။ အဓိကကတော့ လက်ရှိစုဆောင်းမှုက ရတဲ့အရင်းတွေအပြင် နောက်ထပ် ပြည်တွင်းပြည်ပ ချေးငွေကရတဲ့ အရင်းကို ပြန်ဆပ်ဖို့ဆိုတာမှာလည်းပဲ ပြည်သူ တွေကသာ အဓိကဖြစ်တယ်လို့ ဆိုလိုပါတယ်။ ပြည်သူတွေရဲ့ စုဆောင်းမှုဆိုတာက ပြည်သူတွေရဲ့ ဝင်ငွေကနေပြီးတော့ စားသုံးမှုအပြင် ပိုလျှံတဲ့ငွေ သို့မဟုတ် စားသုံးမှုကို ခြိုးခြံပြီးတော့ စောင့်စားပြီးတော့ နောက်မှစားမယ်ဆိုတဲ့သဘော၊ စောင့်စားပြီးတဲ့နောက် စုဆောင်းမိတဲ့ငွေ၊ တစ်ပတ်အတွင်း ခြိုးခြံပြီးတော့ ပိုလျှံအောင် စုတဲ့ငွေ ဖြစ်ပါတယ်။ စားသုံးမှုနဲ့ ပို့ကုန်အားပေး စီးပွားရေးမူဝါဒ ဒါ ဒီကနေ့ နိုင်ငံတကာမှာ ၁၉၈၀ ခုနှစ်များ နောက်ပိုင်းမှာ အသုံးများလာတဲ့ စီးပွားရေးမူဝါဒ ဖြစ်ပါတယ်။ စားသုံးမှုနဲ့ ပို့ကုန်အားပေး စီးပွားရေးမူဝါဒ၊ ဒီ စီးပွားရေး မူဝါဒမှာက ခြိုးခြံစုဆောင်းမှု သို့မဟုတ် လက်ရှိ စုဆောင်းမှုကရတဲ့ အရင်းကို အားမထားဘဲနဲ့ ချေးငွေ အရင်းကိုပဲ အဓိက ထားပါတယ်။ သို့သော်လည်းပဲ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း ကမ္ဘာပေါ်မှာ ငွေကြေးဈေးကွက်တွေ ပြိုကျပြီးတဲ့နောက် ချေးငွေအရင်းကို လျော့ချပြီးတဲ့နောက် ပြည်တွင်း

စုဆောင်းမှုကရတဲ့ အရင်းကို ရှာဖွေတဲ့ မူဝါဒဘက်ကို ပြန်လှည့်လာခဲ့ကြပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ ပြည်သူတွေဘက်ကပဲ စုဆောင်းမှုပေါ်မှာ အခြေခံပြီးတဲ့နောက် ကျွန်တော်တို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းသစ်များ တိုးတက်ရေးအတွက် အရင်းအနှီးသစ်များ ရှာဖွေဖို့ အဓိက လိုအပ်ပါတယ်။ ပြည်တွင်းပြည်ပ မှ အစိုးရအနေနဲ့ နိုင်ငံသားများဆီက ချေးငွေ၊ ပြည်ပကနေပြီးတော့ ရရှိတဲ့ ချေးငွေ ဒါတွေကို ပြန်ဆပ်ဖို့ဆိုတာကလည်းပဲ ကျွန်တော်တို့ ပြည်သူတွေရဲ့ စုဆောင်းမှုအပေါ် မှာပဲ သွားပြီးတော့ ပြန်လည်ပြီး တည်ပါတယ်။ ဒီစုဆောင်းမှုအရင်းရော ချေးငွေအရင်း နှစ်ခုလုံးကို တိုးတက်ဖို့ အကောင်းဆုံးနဲ့ တရားမျှတမှု အရှိဆုံးကတော့ မက်လုံးပေး ဆွဲဆောင်မှုပြုနိုင်တဲ့ စတော့ ငွေကြေးဈေးကွက် ဖြစ်ပါတယ်။ ဒါလေးက ကျွန်တော်တို့နိုင်ငံမှာ ငွေကြေးနဲ့ပတ်သက်လို့ကတော့ ဘဏ်လုပ်ငန်း ငွေကြေးဈေးကွက်သာလျှင် ရှိပါသေးတယ်။ ဘဏ်လုပ်ငန်းမဟုတ်သော အခြား ငွေကြေးဈေးကွက်ဖြစ်တဲ့ စတော့ ငွေကြေးဈေးကွက်က ဦးတင်မောင်ဝင်း အဆိုတင်သွင်းတဲ့ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေးမှာ ထူထောင်ဖို့လိုအပ်မယ့် ပူးတွဲပြီးပေါင်းစပ်လုပ်ကိုင်ဖို့ ကျွန်တော်အဆိုပြုလိုတဲ့ ဥပဒေကြမ်းတစ်ရပ်ဖြစ်ပါတယ်။ ဒီမှာ FDI ဆိုတာ ကျွန်တော်တို့ ပြောသံ ဆိုသံတွေကြားကြတာ ရှိပါတယ်။ ဒါကိုလည်း အများကြီးမျှော်လင့်ကြပါတယ်။ Foreign Direct Investment နိုင်ငံခြားကနေပြီး၊ တိုက်ရိုက်လာရောက် ရင်းနှီးမြှုပ်နှံမှု ဆိုတာပါပဲ။ နိုင်ငံခြားမှ တိုက်ရိုက်လာရောက်ရင်းနှီးမြှုပ်နှံမှုဆိုတာကို ကျွန်တော်တို့က မျှော်လင့်တဲ့အခါမှာ ဘယ်ပုံဘယ်နည်း လာရောက်မြှုပ်နှံမလဲဆိုတာကလည်းပဲ ဒီလို သူတို့တွေ နှစ်ခြိုက်မယ့် Project တွေ၊ လုပ်ငန်းတွေ၊ ဈေးကွက်တွေ၊ ရင်းနှီးမြှုပ်နှံဆက်ဆံရမယ့် ကုမ္ပဏီတွေ၊ အဲဒီအပေါ်မှာ သဘောကျ ကျေနပ်မျှော်လင့်ချက်ရှိမှ သူတို့လာရောက်မှာ ဖြစ်ပါတယ်။ သူတို့ရဲ့အရင်းအနှီးငွေတွေကိုလည်းပဲ တကယ်တမ်းကျတော့ကာ ဒီလုပ်ငန်းတွေရဲ့ ဒီကုမ္ပဏီတွေရဲ့ မတည် အရင်းပိုင်ဆိုင်မှုကို စိတ်ပိုင်းထားတဲ့ ရှယ်ယာတွေ၊ အဲဒီလုပ်ငန်းတွေကနေပြီးတော့ ချေးငွေ သုံးစွဲမယ့် ငွေတွေအတွက် ရေးသားပေးမယ့် ငွေချေးစာချုပ် Bond တွေနဲ့ လက်ခံတာ ဖြစ်ပါတယ်။ ဒါမှမဟုတ် ဒီရှယ်ယာ Bond တွေနဲ့ အလားတူ ပီပီပြင်ပြင် သဘောသက်ရောက်တဲ့ ကတိစာချုပ်တွေနဲ့ ထည့်ဝင်တာ ဖြစ်ပါတယ်။ ဒီ ကတိစာချုပ် ဆိုတာကလည်းပဲ ကျွန်တော်တို့ ရှယ်ယာတွေ Bond တွေလိုပဲ Security စာချုပ်တွေ ဖြစ်ပါတယ်။ အာမခံချက်ရှိတဲ့ စာချုပ်စာတမ်းတွေ ဖြစ်ပါတယ်။ ဒါတွေကို စတော့ဈေးကွက်မှာ အချိန်မရွေး ပြန်ပြီးတော့ ရောင်းနိုင်တယ်၊ ထုတ်နိုင်တယ်၊ ထပ်မံထည့်ဝင်နိုင်တယ်ဆိုတဲ့ အပေါ်မှာ တည်ပြီးတော့သာလျှင် ကျွန်တော်တို့ ဦးတင်မောင်ဝင်း လိုလားသလို အလုပ်အကိုင်အခွင့်အလမ်း မြန်မာပြည်မှာ တိုးတက်ရေးအတွက် ပင့်အားပေးမယ့် အရေးကိစ္စတစ်ခုအဖြစ် ကျွန်တော်

ထည့်သွင်းဆွေးနွေးတာ ဖြစ်ပါတယ်။ ဦးတင်မောင်ဝင်းရဲ့ ဒုတိယအချက်ဖြစ်တဲ့ အဆိုကတော့ လုပ်ငန်းခွင်အေးချမ်းသာယာရေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းခွင်အေးချမ်းသာယာရေးဟာ အန္တရာယ်ကင်းရှင်း လုံခြုံရေး အစီအစဉ်တွေ အပြင် ဆေးကုသခံယူခွင့်၊ လျော်ကြေး ၊ ဆုကြေး၊ သက်သာချောင်ချိရေးစသည်တို့ ပါဝင်ပါမယ်။ ဒီလိုမှသာလျှင် အလုပ်သမားတွေဟာ သူတို့ရဲ့ မိသားစုတွေ အတွက် စိတ်ချလုံခြုံမှုရှိပြီးတော့ လုပ်ငန်းခွင်မှာ အလုပ်ကို ဇွဲနပဲနဲ့ ဖိပြီးတော့ လုပ်ကိုင်နိုင်မယ် ဖြစ်ပါတယ်။ ဒါဟာ လက်ငင်းအနေနဲ့ အလုပ်သမားတွေရဲ့ စိတ်အားတက်ကြွမှု ကုန်ထုတ်စွမ်းအား တိုးတက်မှု ရရှိစေဖို့ ကျွန်တော်တို့ မျှော်လင့်တဲ့အချက်ပါ ။ အလုပ်သမားတွေမှာ အနာဂတ်ဆိုတာ ရှိပါတယ်။ အဲဒီတော့ အနာဂတ်ဘဝ အာမခံနိုင်ရေးအတွက် တစ်နေ့က မရမ်းကုန်းမဲဆန္ဒနယ်မြေက ဦးပွင့်ဆန်း တင်သွင်းခဲ့တဲ့ ခေတ်မီ လူမှုဖူလုံရေး၊ ကျွန်တော်အနေနဲ့ကတော့ ခေတ်မီလူမှုဖူလုံရေး အာမခံကွန်ယက် ပုံစံစနစ်လို့ ထည့်သွင်းဆွေးနွေးခဲ့တဲ့ ကိစ္စရပ် ပူးပေါင်းပါဝင်မယ်ဆိုလို့ ရှိရင်တော့ကာ ဦးတင်မောင်ဝင်းရဲ့ အဆိုမှာဒုတိယအချက်ဖြစ်တဲ့ လုပ်ငန်းခွင် အေးချမ်းသာယာရေးဆိုတာကို အများကြီး အထောက်အကူပြုမယ်လို့ ကျွန်တော် မြင်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များခင်ဗျား။ ဦးတင်မောင်ဝင်းရဲ့အဆိုမှာ တတိယအချက်အနေနဲ့ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှု တိုးတက်ရေး၊ ဒါကတော့ ကျွန်တော်တို့ နည်းပညာတွေ၊ စက်ကိရိယာတွေ စတာတွေဟာ အမြဲတမ်းတိုးတက်ပြောင်းလဲလို့နေပါတယ်။ ဒါတွေနဲ့ အမီလိုက်ပြီးတော့ ကျွန်တော်တို့ရဲ့ အလုပ်သမား တွေကို မွမ်းမံသင်တန်း၊ အစပြု အလုပ်ခွင်သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲစတာတွေ ပြုပေးဖို့ ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကို ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက် ၊ စက်ရုံအလုပ်ရုံအလိုက် စီမံခန့်ခွဲရေး အပိုင်းက မပြတ်လေ့လာဆောင်ရွက်ပေးသွားဖို့ အစီအစဉ်တွေ စီစဉ်ရေးဆွဲထားဖို့ အကြံပြုလိုပါတယ်။ ဒီကိစ္စမျိုးမှာ ကျွန်တော်တို့ဟာ အာဆီယံနိုင်ငံ ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ တစ်ခါ ကမ္ဘာ့ကုလသမဂ္ဂရဲ့ အဖွဲ့အစည်းဝင်နိုင်ငံဖြစ်တာနဲ့အညီ ဒီအဖွဲ့စည်းတွေကလည်းပဲ ကျွန်တော်တို့ကို အကြံဉာဏ်ပေးနိုင်တယ်၊ သတင်းရယူနိုင်တယ်၊ အသိပညာ ဖလှယ်နိုင်တယ်၊ သူတို့က ကျွန်တော်တို့ကို သင်တန်းတွေပေးနိုင်တယ်၊ အလုပ်ရုံ ဆွေးနွေးပွဲတွေ လုပ်ပေးနိုင်တယ်၊ ထောက်ပံ့မှုလည်းပဲ အတိုင်းအတာတစ်ခုအထိ ပြုပေးနိုင်တယ်။ အစဉ်အလာလည်းရှိခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအစီအစဉ် တွေကိုလည်း တွဲဖက်ဆောင်ရွက်ဖို့ လိုအပ်မယ်ဆိုတာကို ကျွန်တော် မင်္ဂလာဒုံမြို့နယ်က ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေး အကြံပြုရင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဒေါ်စုစုလှိုင် (ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်)။** ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင် ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် အလုပ်သမားရေးရာနဲ့ပတ်သက်၍ တည်ဆဲဥပဒေများ၌ ၁၉၅၁ ခုနှစ် ၊ အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေး အက်ဥပဒေ၌လည်း ပါရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ဥပဒေသည် လက်ရှိအခြေအနေတွင် အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်းကောင်း၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အားနည်းလျက်ရှိကြောင်း တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉ တွင် နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်လည်းကောင်း ၊ ပုဒ်မ ၃၀ တွင် နိုင်ငံတော်သည် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် လည်းကောင်း အတတ်နိုင်ဆုံး ဖြည့်ဆည်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမယ့် စက်ရုံအလုပ်ရုံများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်နိုင်ပါတယ်။ အဆိုပါ တည်ဆောက်မှုအရ ဖြစ်ပေါ်လာတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်ရုံ၊ အလုပ်ရုံ ၊ အလုပ်ဌာနများတွင် ကိုင်တွယ်မောင်းနှင် ကုန်ထုတ်လုပ်မယ့်သူများဟာ အလုပ်သမားများ ဖြစ်ပါတယ်။ သို့ပါ၍ ပေါ်ပေါက်လာမယ့် အလုပ်အကိုင်ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီတဲ့ ကျွမ်းကျင်မှုများရှိနေရန် အထူးလိုအပ်ပါတယ်။ ဒါ့အပြင် ကုန်ထုတ်လုပ်နိုင်စွမ်း မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းခွင်အေးချမ်းသာယာရေးသည် မရှိမဖြစ်လိုအပ်ချက် ဖြစ်ပါတယ်။ ဒါ့ကြောင့် အလုပ်ရှင်၊ အလုပ်သမားတို့ကြားတွင် ကောင်းမွန်တဲ့ ဆက်ဆံရေးရှိရန် အလုပ်ခန့်ထားမှုစာချုပ်များ လိုအပ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ အလုပ်သမားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက်၂၀၀၇ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ခြင်း၊ လုပ်သားထု စည်းကမ်းနှင့် စွမ်းဆောင်ရည် ပြည့်ဝရေးအတွက် ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အလုပ်သမားများ စည်းကမ်းနှင့်စွမ်းဆောင်ရည် မြှင့်တင်ရေး ဗဟိုအဖွဲ့ကို ဝန်ကြီး ၂၀ ဦးပါဝင် ဖွဲ့စည်းအကောင် အထည်ဖော်စေခြင်း၊ ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများကို ပြန်လည်ဖွင့်လှစ်စေခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပြီး အလုပ်အကိုင်ရှာဖွေနိုင်မှုမှာလည်း နှစ်ဆတိုးတက်လာတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် အာဆီယံ စီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုအရ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်အလုပ်သမားများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ကြမှာ ဖြစ်ပါတယ်။ အဆိုပါရည်မှန်းချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ အလုပ်သမားများသည်လည်း အခြားအာဆီယံနိုင်ငံများရှိ အလုပ်သမားများနှင့်ယှဉ်ပြိုင်ရမယ်ဖြစ်ရာ ကျွမ်းကျင်မှုမရှိရင် အထွေထွေအလုပ်သမားအဖြစ် လုပ်ကိုင်ရမယ့် အခြေအနေဖြစ်တာကြောင့် မြန်မာအလုပ်သမားများရဲ့ကျွမ်းကျင်မှု မြှင့်တင်ရေး ကိစ္စဟာ ဦးစားပေးဆောင်ရွက်ရမယ့် ကိစ္စဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အလုပ်သမားများ ကျွမ်းကျင်မှု တိုးတက်လာတာနဲ့အမျှ ကုန်ထုတ်လုပ်နိုင်စွမ်းလည်း တိုးတက်လာမှာ ဖြစ်တဲ့အတွက် အလုပ်ရှင်များအတွက်လည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့် အလုပ်သမားများ ကျွမ်းကျင်မှု တိုးတက်ရေးတွင် နိုင်ငံတော်အစိုးရကိုချည်းအားကိုးနေခြင်းမပြုဘဲ အလုပ်ရှင်နဲ့ အလုပ်သမားများကိုယ်တိုင်က အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာမှသာ အလုပ်သမားများရဲ့ လူ့စွမ်းအား အရင်းအမြစ်များ အလျင်အမြန်တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အခြေခံဥပဒေ ပုဒ်မ ၃၉၀ ( ဂ )နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်ရာမှာ နိုင်ငံတော်အား ကူညီဆောင်ရွက်ရန်နိုင်ငံသားတိုင်းတွင်လည်း တာဝန် ရှိပါတယ်။ ဒါ့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများကျွမ်းကျင်မှု မြှင့်တင်ရေးတို့အတွက် ဥပဒေကြမ်းပြုစုရန် တင်သွင်းခဲ့သော အဆိုသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပြီး နိုင်ငံတော်၌ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေကြမ်းဖြစ်၍ လာမယ့် ဒုတိယအကြိမ်

ပြည်သူ့လွှတ်တော် အစည်းအဝေး များတွင် ဆွေးနွေးအတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများက အချိန်မီရေးဆွဲ တင်သွင်းနိုင်ရေး စီစဥ်ဆောင်ရွက်ပေးပါရန် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သီပေါ မဲဆန္ဒနယ်မှ ဦးရဲထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဦးရဲထွန်း(သီပေါ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်းပါ။ ကျွန်တော့်အနေနဲ့ မင်္ဂလာဒုံမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့အဆိုကို အပြုသဘောနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အကြောင်းကတော့ ဦးတင်မောင်ဝင်းရဲ့ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနဲ့ အလုပ်သမားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေမူကြမ်းတစ်ရပ်ကို လာမယ့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဥ်ဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆိုပြုချက်ဟာ အလုပ်သမားအခွင့်အရေး တိုးတက်မြင့်မားအောင် ဥပဒေအရ အကာအကွယ်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ပြဋ္ဌာန်းကျင့်သုံးသွားစေနိုင်မှာလို့ ယူဆတဲ့ အတွက်ကြောင့် ကျွန်တော် ထောက်ခံတာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဥ်ပါတီခေတ်က အလုပ်သမားများကို ကာကွယ်ပေးတဲ့ ဥပဒေများရှိခဲ့သော်လည်းပဲ လက်ရှိ ပြောင်းလဲနေတဲ့ ခေတ်ကာလအခြေအနေများနဲ့ မကိုက်ညီတော့တာကြောင့် ပိုမိုကောင်းမွန်ပြီး အခြေအနေသစ်နဲ့ ကိုက်ညီတဲ့ ဥပဒေများရေးဆွဲကာ အစားထိုးဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဦးတင်မောင်ဝင်းက ဒီကိစ္စနဲ့ပတ်သက်တဲ့ ဥပဒေ(မူကြမ်း)တစ်ရပ်ရေးဆွဲပြီး ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော်မှာ အဆိုပြု ပြဋ္ဌာန်းနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နိုင်အောင် လာမယ့် ပြည်ထောင်စု အစိုးရကို တိုက်တွန်းထားတာ ဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ ဒီအချက်ကို ဦးတင်မောင်ဝင်းက အဆိုပြုချက်မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားသင့်ပါတယ်။ ဒါမှသာ ဒီအဆိုကို လွှတ်တော်က အတည်ပြုခဲ့ရင် တာဝန်ယူဆောင်ရွက်ရမယ့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက လိုအပ်တာတွေကို ပြင်ဆင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဥပဒေမူကြမ်းပြုစုမယ့် လူပုဂ္ဂိုလ် သို့မဟုတ်

အဖွဲ့အစည်းကို ကျွန်တော့်အနေနဲ့ အကြံပြုလိုတာက ဥပဒေ(မူကြမ်း)ရေးဆွဲတဲ့အခါမှာ ဥပဒေ(မူကြမ်း) ဟာ ပကတိ လက်တွေ့ကျဖို့နဲ့ မျှတမှုရှိဖို့ လိုအပ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ ဥပဒေဟာ လက်တွေ့မကျလို့ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အခက်အခဲရှိရင် တော်သလို ကြည့်လုပ်ကြရတာများ များလာနိုင်ပါတယ်။ ဒါဆိုရင် ဥပဒေရဲ့ တရားမျှတမှုဆိုတာကို ပြည်သူတွေ အညီအမျှ မခံစားကြရတော့ပါဘူး။ ဥပမာအားဖြင့် လက်ရှိတည်ဆဲဖြစ်တဲ့ အမြတ်ခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေ စတာတွေပါ။ နောက်ဥပမာတစ်ခုကတော့ တည်ဆဲအလုပ်သမားဥပဒေတစ်ခုမှာ တစ်နေ့ အလုပ်ချိန်ကို ၈ နာရီ သတ်မှတ်ထားတဲ့ကိစ္စနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ အလုပ်ပိတ်ရက် သတ်မှတ် ပေးထားတဲ့ ကိစ္စပါ။ ဒီအချက်ဟာ ပုတ်ပြတ်စနစ်နဲ့ခိုင်းတဲ့ အလုပ်ခွင်မှာ အံဝင်ခွင်ကျ မဖြစ်ပါဘူး။ ပုတ်ပြတ်စနစ်နဲ့ ခိုင်းတဲ့ အလုပ်ခွင်တွေမှာ တစ်နေ့အလုပ်ချိန်ကို ရှစ်နာရီ သာရှိရမယ်လို့ ပုံသေသတ်မှတ်လို့မရနိုင်တာမျိုး ထည့်သွင်းစဉ်းစားရပါမယ်။ နောက်တစ်ခုပြောလိုတာက လုပ်ငန်းခွင်မှာ အလုပ်သမားများ ထိခိုက်ဒဏ်ရာရရင် လျော်ကြေးပေးရတဲ့ကိစ္စပါ။ ဒီကိစ္စမှာလည်း အလုပ်ခွင် စည်းကမ်းဖောက်ဖျက်ပြီး အရက်သေစာ သောက်စားကာ မတော်တဆ ထိခိုက်ဒဏ်ရာ ရမှုဖြစ်ခဲ့ရင် ဘယ်လိုဆောင်ရွက်မလဲဆိုတာမျိုး ထည့်သွင်းစဉ်းစားရပါမယ်။ ဒါက နမူနာတစ်ခုအနေနဲ့ ပြောပြတာပါ။ ဒါနဲ့ အလားတူကိစ္စများလည်း ရှိနိုင်ပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အကြံပေးဆွေးနွေးချက်ကို အချုပ်ပြောရရင် ယခုအဆိုပြုချက် အတည်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းက ဥပဒေကြမ်းပြုစုတဲ့အခါ ပကတိတည်ရှိနေတဲ့ လက်တွေ့ဘဝကို ထင်ဟပ်နိုင်တဲ့ ဥပဒေတစ်ရပ်ဖြစ်ဖို့ နှစ်ဖက်မျှမျှတတ ရှိစေရေးကို ထည့်သွင်း စဉ်းစားဖို့နဲ့ နောက်ဆုံးအချက် အနေနဲ့ကတော့ ကျွန်တော်တို့ရဲ့ ဥပဒေဟာ ခေတ်နဲ့အညီ ရှိစေရေး အတွက် ဖွံ့ဖြိုးတိုးတက်ဆဲဖြစ်တဲ့ နမူနာယူလောက်တဲ့ ကျွန်တော်တို့နိုင်ငံနဲ့လည်း အခြေအနေချင်း မတိမ်းမယိမ်း တူညီတဲ့ အခြားသောနိုင်ငံများက အလုပ်သမားဥပဒေများကိုလည်း လေ့လာပြီး ထည့်သွင်းစဉ်းစား သင့်ပါကြောင်း အပြုသဘောဖြင့် ဦးတင်မောင်ဝင်းရဲ့ အဆိုကို ထောက်ခံဆွေးနွေး အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဦးတင်မောင်ဝင်း၊မင်္ဂလာဒုံမဲဆန္ဒနယ်၏အဆိုကို သက်ဆိုင်ရာပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်ကပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့်ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ တာဝန်ရှိသူက ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၃။**

**ဦးအောင်ကြည်(ဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီး ဦးအောင်ကြည် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းခဲ့သည့် အဆိုဖြစ်တဲ့ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနဲ့ အလုပ်သမားများရဲ့ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် ဥပဒေမူကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော်သို့ ရေးဆွဲတင်သွင်းနိုင်ရေးအတွက် အစီအစဉ်တစ်ရပ် ဆောင်ရွက်ပေးပါရန် အဆိုနဲ့ပတ်သက်ပြီး ကျွန်တော်က ပြန်လည်ရှင်းလင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဟာ အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်သမားများ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေး အတွက် ဗဟိုအဖွဲ့တစ်ခုကို ၁-၇-၂၀၀၉ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ယင်းဗဟိုအဖွဲ့ အစည်းအဝေးတွေကနေပြီးတော့မှ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးများ ပြန်လည် အကောင်အထည်ဖော်ရေးနဲ့ အလုပ်သမားများစွမ်းဆောင်ရည် မြှင့်တင်ရေးဟူသည့် လုပ်ငန်းတာဝန် နှစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ လုပ်ငန်း တာဝန်နှစ်ရပ်အနက် ပထမလုပ်ငန်း တာဝန်ဖြစ်တဲ့ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ပြီးတော့မှ ဆောင်ရွက်နိုင်ဖို့အတွက် အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံး ( Labour Exchange Offices) ၇၇ ရုံးကို ၂၀၀၉ ခုနှစ် ဇူလိုင်လ အတွင်းမှာပင် ပြန်လည်ပြီးတော့ ဖွင့်လှစ်ဆောင်ရွက် ခဲ့ပါတယ်။ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် နှစ်စဉ်အလုပ်အကိုင်ရှာဖွေပေးနိုင်တဲ့ လူဦးရေဟာ ယခင်က ပျမ်းမျှ ၁,၁၂,၃၀၅ ဦး ရှိခဲ့ရာမှာ ယခုအခါ ပျမ်းမျှ ၂,၆၅,၆၉၄ ဦး ဖြစ်လာခဲ့တဲ့အတွက် နှစ်ဆကျော် တိုးတက်မှုရရှိလာခဲ့ပါတယ်။ သို့ပါသော်လည်းလက်ရှိအခြေအနေမှာ Labour Exchange လုပ်ငန်းများအတွက် ကျောထောက် နောက်ခံပြုထားတဲ့ ဥပဒေများဟာ အကြောင်း

အမျိုးမျိုးကြောင့် ဩဇာသက်ရောက်မှု နည်းနေသေးတဲ့အတွက် ဥပဒေကြောင်းအရ ပိုမိုပြီးတော့မှ ထိရောက်စွာ အထောက်အပံ့ဖြစ်စေရန်နဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်တို့အတွက် ကျောထောက်နောက်ခံ ဥပဒေတစ်ရပ် လိုအပ်ပါ ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်ရုံအလုပ်ရုံ အလုပ်ဌာနများတွင် လုပ်ငန်းခွင်အေးချမ်းသာယာရေးနဲ့ လူမှုရေးတရားမျှတမှု ရရှိရန်တို့အတွက် အလုပ်ရှင်နဲ့ အလုပ်သမားများအကြား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် Employment Contract များဟာ အရေးကြီးပါတယ်။ အပြည်ပြည်ဆိုင်ရာ ကျင့်စဉ်များနဲ့အညီ အလုပ်သမားဝန်ကြီးဌာနဟာ ၃၁-၁၂-၁၉၇၆ ခုနှစ် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅ အရ စက်ရုံအလုပ်ရုံ အလုပ်ဌာနများရှိ အလုပ်သမားများကို ဥပဒေပါ အကျိုးခံစားခွင့်များအပြည့်အဝ ခံစားရရှိစေရေး၊ လုပ်ငန်းခွင် စည်းကမ်းကောင်းမွန်ရေး၊ အလုပ်ရှင်နဲ့ အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာမှု ရရှိစေရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအစရှိတဲ့ ရည်မှန်းချက်များဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရန် ညွှန်ကြားချက် တစ်ရပ်ကို ထုတ်ပြန်ထားရှိခဲ့ပါတယ်။ ယင်းညွှန်ကြားချက်အရ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ စာရင်းအရ စက်ရုံအလုပ်ရုံ အလုပ်ဌာနပေါင်း ၅၈၁၇ ခုတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များ ချုပ်ဆိုထားကြပြီး ဖြစ်ပါတယ်။ သို့ပါသော်လည်း ယင်း အမိန့်ကြော်ငြာစာအတွက်လည်းပဲ ကျောထောက်နောက်ခံ ဥပဒေတစ်ရပ်ရှိသင့်ပါ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဗဟိုအဖွဲ့ရဲ့ ဒုတိယလုပ်ငန်းတာဝန်ဖြစ်တဲ့ အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရေးသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ နှစ်စဉ်ကောက်ယူနေတဲ့ အလုပ်သမားစာရင်းတွေအရ ၂၀၁၀ ခုနှစ်မှာ ပုဂ္ဂလိကနဲ့ ဖက်စပ်လုပ်ငန်းမှာ လုပ်သားဦးရေ ၇၉၃၃၀၀ ယောက်ရှိပြီးတော့မှ ကိုယ်တိုင်ကျပန်းလုပ်သား ဦးရေ ၂၈၅၉၃၂၅ ယောက်ရှိတဲ့အတွက် စုစုပေါင်းလုပ်သားဦးရေ ၃၆၅၂၆၂၅ ယောက်ရှိပါတယ်။ အဆိုပါလုပ်သားထုရဲ့ ကျွမ်းကျင်မှု အဆင့်အတန်းဟာ ထုတ်လုပ်နိုင်စွမ်း Productivity နဲ့ ယှဉ်ပြိုင်နိုင်စွမ်း Competitiveness တို့မှာ နိမ့်ကျနေသေးတဲ့အပြင် ကမ္ဘာတစ်ဝန်းလုံးမှာ နည်းပညာပြောင်းလဲ တိုးတက်လာတဲ့နှုန်းက မြင့်မားလာခြင်းနဲ့ မြန်မာနိုင်ငံမှာလည်းပဲ စက်မှုလုပ်ငန်းခွင် အနေအထားဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ဆီလျော်ညီညွတ်တဲ့ အတိုင်းအတာတစ်ခုအထိ တိုးတက်လာရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ လုပ်သားထုရဲ့ ကျွမ်းကျင်မှုလိုအပ်ချက်ကို အလျင်မီအောင် ဖြည့်ဆည်း ပေးနိုင်ရေးအတွက် သင်ကြားလေ့ကျင့်ပေး

ရေး အစီအစဉ်များ အများအပြား လိုအပ်မှာဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ဖွင့်လှစ်လျက်ရှိတဲ့ အစိုးရနည်းပညာ အထက်တန်းကျောင်းများ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာကောလိပ်များက အနာဂတ်လုပ်သားထု ကျွမ်းကျင်မှု မြှင့်တင်ရေးအတွက် ထိရောက်စွာဆောင်ရွက်ပေးနိုင်ကြပါတယ်။ အလားတူပါပဲ အမှတ်(၂) စက်မှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများမှအလုပ်သမားကျွမ်းကျင်မှု သင်တန်းကျောင်းများကလည်း များစွာအကျိုးပြုပေးနိုင်ပါတယ်။ သို့ရာတွင် လုပ်သားထုကျွမ်းကျင်မှု မြှင့်တင်ရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အပိုင်းမှချည်းသာ လုပ်ကိုင်နေမယ်ဆိုရင် အနာဂတ်ကျွမ်းကျင်မှုလုပ်သား လိုအပ်ချက်ကို မည်သည့်နည်းနဲ့မျှ အချိန်မီ ပြည့်ပြည့်ဝဝဖြည့်တင်းပေးနိုင်မည် မဟုတ်ကြောင်း ကျွန်တော်တို့ ကောင်းစွာသိရှိနိုင်ကြပါတယ်။ သို့ဖြစ်ပါ၍ အလုပ်ရှင်၊ အလုပ်သမား၊ နိုင်ငံတော် အစိုးရနဲ့ အားလုံးတက်ညီလက်ညီဖော်ဆောင်ရမယ့် လုပ်ငန်းခွင်တစ်ရပ် လုပ်ငန်းတစ်ရပ်အဖြစ် ခံယူပြီးတော့မှ လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။ အလုပ်သမားများ ကျွမ်းကျင်မှု တိုးတက်လာခြင်းဖြင့် အလုပ်သမားများ၏ အလုပ်အကိုင် အဆင့်အတန်းများ တိုးတက်လာပြီး တစ်ဦးချင်းဝင်ငွေလည်း တိုးတက်လာမှာဖြစ်သကဲ့သို့ အလုပ်ရှင်များအတွက်လည်းပဲ ကုန်ပစ္စည်းများကို အရေအတွက်ကော၊ အရည်အချင်းပါ တိုးတက်ထုတ်လုပ်နိုင်စွမ်း ရရှိလာကြမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။အလုပ်သမားဝန်ကြီးဌာနအနေနဲ့ အလုပ်သမားများကျွမ်းကျင်မှုစံနှုန်းများကို အာဆီယံနှင့် တစ်ပြေးညီဖြစ်စေရေးအတွက် (Skill Recognition System) တစ်ရပ်ကို ခိုင်ခိုင်မာမာ ထူထောင်နိုင်ဖို့အတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skill Standard Authority- NSSA) ကို ၂၀၀၇ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာန အသီးသီးနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ပြီး တော့မှ ဖွဲ့စည်းခဲ့ပြီး အာဆီယံ ကျွမ်းကျင်မှု အရည်အသွေးဘောင် သတ်မှတ်ချက်များနဲ့အညီ ၂၀၀၈ ခုနှစ်ကနေပြီးတော့ ၂၀၁၀ ခုနှစ် အထိ စုစုပေါင်း အလုပ်အကိုင် ကျွမ်းကျင်မှု“စံ” ၁၅၂ မျိုးကို ရေးဆွဲသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာကဏ္ဍအလိုက် အလုပ်အကိုင်ကျွမ်းကျင်မှု “စံ” သတ်မှတ်ရေးကော်မတီ ၁၄ ခုကိုလည်း ဖွဲ့စည်းထားပြီးတော့ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါတယ်။ ဒီလုပ်ငန်းစဉ်ကိုလည်း ကျွန်တော်တို့ အရှိန်အဟုန် မြှင့်တင်ပြီးတော့ ဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရေး တို့အတွက် ကျွန်တော်တို့ ရွေးချယ်နိုင်တဲ့ နည်းလမ်းတွေများစွာရှိပါတယ်။ အဲဒီနည်းလမ်းတွေအနက်

ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီး နိုင်ငံတစ်ချို့၌ပါ အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရေး အတွက် အစိုးရနဲ့ အလုပ်ရှင်များ ပူးပေါင်းဆောင်ရွက်တဲ့ Levy and Grant System ဆိုတာ နှစ်ရှည်လများ အစမ်းသပ်ခံပြီးတော့ အောင်မြင်နေတဲ့ နည်းလမ်းတစ်ခု ဖြစ်တာကို တွေ့ရှိရပါတယ်။ ယင်း System နဲ့ပတ်သက်ပြီးတော့ စင်္ကာပူသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ကိုရီးယား သမ္မတနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှာ ကျင့်သုံးလျက်ရှိကြပြီး တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခြေခံချင်း မတူညီကြလို့ လက်တွေ့ကျင့်သုံးမှုအပိုင်းမှာ အနည်းငယ်ကွဲပြားခြားနားမှု ရှိသည့်မှအပ မူသဘောအရ တူညီမှုရှိကြတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဒီစနစ်ကို လိုအပ်လျှင် စနစ်တကျ ကျင့်သုံးနိုင်ရေး အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့် အလေးအနက် စူးစမ်းလေ့လာ ထားရှိပါကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ပြည်သူ့လွှတ်တော်ကသာ သဘောတူခွင့်ပြုမည်ဆိုရင် အလုပ်သမားဝန်ကြီး ဌာနဟာ လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုတင်ပြ ထောက်ခံထားချက်များမှာ ဖြစ်နိုင်ခြေရှိသည့် အတိုင်းအတာအထိ အကျုံးဝင်စေမည့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (မူကြမ်း)တစ်ရပ်ကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ မင်္ဂလာဒုံမြို့နယ်မှ ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၊ လသာ မဲဆန္ဒနယ်မှ ဦးကြည်မြင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊ သီပေါ မဲဆန္ဒနယ်မှ ဦးရဲထွန်းတို့က အသီးသီးဆွေးနွေးခဲ့ကြပါတယ်။ သူတို့ ဆွေးနွေးမှုတွေမှာ စေတနာပါပြီးတော့ လိမ္မာပါးနပ်စွာနဲ့ ထောက်ပြခဲ့တဲ့ဟာတွေလည်း တွေ့ရှိခဲ့ပါတယ်။ ဆွေးနွေးသူ တစ်ဦးရဲ့ တင်ပြချက်ကို ပြန်လည်သုံးသပ်မယ်ဆိုလို့ရှိရင် လုပ်ငန်းတစ်ခု အောင်မြင်ဖြစ်ထွန်းဖို့ လိုအပ်ချက် အဓိက သုံးခုရှိကြောင်းပေါ်လွင်ပါတယ်။ နံပါတ်(၁)လိုအပ်ချက်ကတော့ အရင်းအနှီး (Investment)၊ နောက်ဒုတိယလိုအပ်ချက်ကတော့ နည်းပညာလိုအပ်ချက် (Technology)၊ တတိယ လိုအပ်ချက်ကတော့ အရေးကြီးဆုံးနဲ့ အချက်အချာ အကျဆုံးဖြစ်တဲ့ စီမံခန့်ခွဲမှု (Management)၊ ဒါတွေ ဥပဒေရေးဆွဲတဲ့အခါမှာ ထည့်သွင်းစဉ်းစားဖို့ ဆက်စပ် ဆွေးနွေးတာ သတိပြုမိလိုက်ပါတယ်။ ထိုနည်းတူစွာဘဲ ဥပဒေနဲ့ပတ်သက်ပြီးတော့ ဒီနေ့ခေတ်၊ ဒီနေ့ ကာလနဲ့ လိုက်လျောညီထွေရှိတဲ့ ဥပဒေဖြစ်ရေးအတွက် ထောက်ပြအကြံပြု ဆွေးနွေးသွားတာကိုလည်း တွေ့ရှိပါတယ်။ နောက်ဆုံး သက်ဆိုင်ရာ တာဝန်ရှိသူရဲ့ ဆွေးနွေးချက်မှာလည်း ဆွေးနွေးမှုအားလုံးကို ပြန်လည်သုံးသပ်ပြီးတော့

မြန်မာအလုပ်သမားများနဲ့ ကိုက်ညီမယ့်၊ ပြည်ထောင်စုမြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်ကသာ အတည်ပြုပေးမယ် ဆိုလို့ရှိရင် အားလုံးခြုံငုံပြီးတော့ ရေးဆွဲမယ်ဆိုတဲ့အကြောင်း ကတိပြု တင်ပြသွားတာလည်း တွေ့ရှိရပါတယ်။ အဲဒါကြောင့် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဒီအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းတဲ့ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေမူကြမ်းတစ်ရပ်ကိုလာမည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် အဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးစိုးဝင်း၊စမ်းချောင်းမဲဆန္ဒနယ်၏ "အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး"အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။အဆိုတင်သွင်းခြင်း အစီအစဉ်ဆက်လက်ဆောင်ရွက်ပါမယ်။ စမ်းချောင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ အဆိုတင်သွင်းမယ့် ကိုယ်စားလှယ်အား လွှတ်တော်ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြ တင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန် ဖြစ်ပါတယ်။ **"အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး "** အဆိုကို တင်သွင်းဖို့ ဦးစိုးဝင်းအား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း ဖိတ်ကြားထားတဲ့ ဧည့်သည်တော်အပေါင်းကို အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းပဌာနာပြုရင်းနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစိုးဝင်း ယနေ့တင်သွင်းမယ့် အဆိုနဲ့ ပတ်သက်ပြီးတော့ ပဏာမ အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော် ဒီနေ့တင်သွင်းမယ့်အဆိုကတော့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေးအဆိုပြုချက်ဖြစ်ပါတယ်။ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာအထောက် အပံ့ပေးရေး အဆိုပြုချက် ကို လက်ရှိကျင့်သုံးလျက်ရှိသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော် အခြေခံမူ များ ပုဒ်မ ၃၀ နဲ့ ညီညွတ်၍ အဆိုပြုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၃၀ တွင် နိုင်ငံတော်သည် စက်မှုလုပ်ငန်း များကို တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရမည်ဟု ဖော်ပြထားပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်တွင်လည်း ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ ဥပဒေအမှတ် ၂၂/၉၀၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ၊ ဥပဒေအမှတ် ၁၃/၉၁ စသည်ဖြင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများအတွက် ဥပဒေများထုတ်ပြန်ခဲ့ပါတယ်။ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေ၊ ဥပဒေအမှတ်၂၂/၉၀ ထဲတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များက လျှောက်ထားနိုင်သည့် လိုအပ်ချက် များမှာ လုပ်ငန်းရှင်သည် သက်ဆိုင်ရာအစိုးရဌာနနဲ့ အစိုးရအဖွဲ့အစည်းများထံမှ အောက်ပါ လိုအပ်ချက်များကို လျှောက်ထားနိုင်ခွင့်ရှိပါသည်ဟု ဖော်ပြထားပါတယ်-

(၁) မိမိလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော မြေ၊ ရေ၊ စွမ်းအား၊ ဆက်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးဆိုင်ရာလိုအပ်ချက်များ။

(၂) အခွန်ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်များ။

(၃) ပုံသေငွေရင်းနဲ့လှည့်ပတ်ငွေရင်းအတွက် ချေးငွေများ။

(၄) မိမိလုပ်ငန်းအတွက် လိုအပ်သည့် ပြည်တွင်းပြည်ပကုန်ကြမ်း၊ စက်နဲ့စက်အရန်ပစ္စည်းများ ရရှိရေးကိစ္စ။

(၅) ကုန်ပစ္စည်းပိုမိုထုတ်လုပ်နိုင်ရေးနဲ့ ထုတ်လုပ်ပြီးသောပစ္စည်း၊ ကုန်ချောများကို အရည်အသွေးပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်တွင်းနဲ့ပြည်ပမှ နည်းပညာများ ရရှိနိုင်ရေး စသည်တို့ပါရှိပါတယ်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးတွင် အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprise) (SME)များသည် နိုင်ငံစီးပွားရေးတွင် မရှိမဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရပါသည်။ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများသည် နိုင်ငံ့စက်မှုလုပ်ငန်းများ တစ်ခုလုံးရဲ့ ၉၂ ရာခိုင်နှုန်းထိရှိနေပါတယ်။ အရေအတွက်အားဖြင့် ကောင်းသော်လည်း အရည်အသွေး၊ အရည်အချင်းမှာ ကောင်းသော လုပ်ငန်းဖြစ်စေချင်ပါတယ်။

နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုး တိုးတက်မှုကို ဖော်ဆောင်ရာမှာ စီးပွားရေး လုပ်ငန်းကြီးများနှင့် စီးပွားရေးလုပ်ငန်း အုပ်စုကြီးများကသာ ဦးဆောင်သော နိုင်ငံများထက် စီးပွားရေးလုပ်ငန်းကြီးများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအားလုံး သဟဇာတ မျှတအောင် ဖွဲ့စည်းတည်ဆောက်ထားသော စီးပွားရေးစနစ်သည်သာလျှင် တည်ငြိမ်သော ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာ တည်ဆောက် နိုင်မည်ဟု ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများအတွက် အထောက်အပံ့တစ်ခုအဖြစ် ပါဝင် သော ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များကို နိုင်ငံ၏ National Income Financial Policy and Monetary Policy ဘဏ္ဍာရေးဆိုင်ရာမူဝါဒနဲ့ ငွေကြေးဆိုင်ရာ မူဝါဒများကို ညှိနှိုင်းသုံးသပ်၍ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအတွက် စီးပွားရေးနဲ့ သက်ဆိုင်သော အောက်ပါ အဆိုမူကြမ်းတစ်ရပ်ကို တင်သွင်းအပ်ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမူကြမ်း - အသေးစား၊ အလတ်စား စက်မှု လုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး အဆိုတင်ပြချက် - အာဆီယံနိုင်ငံများအတွင်း၌ အထက် အကြောင်းအရာပါ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးမှု အစီအစဥ်များ ရှိနေပြီး မြန်မာနိုင်ငံသည်လည်း ၂၀၁၅ ခုနှစ်တွင် လွတ်လပ်သော အာဆီယံဈေးကွက် AFTA တွင် ဝင်ရောက်တော့မည်ဖြစ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံတွင် အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းပေါင်း ၄၀၀၀၀ ကျော် ရှိ၍ ယင်း လုပ်ငန်းများ မှာ နိုင်ငံတော်ရှိ စက်မှုကဏ္ဍတစ်ခုလုံး၏ ၉၂% ပါဝင်နေပါတယ်။ အာဆီယံ လွတ်လပ်သော ဈေးကွက်အတွင်း အရည်အသွေးမြင့် ကုန်စည်ပစ္စည်းများ ထုတ်လုပ်ယှဥ်ပြိုင်နိုင်စွမ်း မရှိပါက ကုန်သွယ်ရေးလိုငွေပြပြီး နိုင်ငံ၏စီးပွားရေးကို ဆိုးကျိုးသက်ရောက်နိုင်စေသည့်အပြင် အသေးစား၊ အလတ်စား၊ စက်မှုလုပ်ငန်းများ ရပ်ဆိုင်း သည်အထိ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဘဏ္ဍာငွေ ထောက်ပံ့ရေးအစီအစဥ်များဖြစ်သည့်-

- အလွတ်ချေးငွေ (Grant)
- အာမခံချေးငွေအမျိုးအစား (Guarantee Scheme)
- ရန်ပုံငွေမှ ထုတ်ချေးငွေ (Loan Fund)
- အတိုးမဲ့နှင့် အတိုးဖြင့်ချေးငွေ (Non Interest/ Interest Loan)
- အခွန်သက်သာခွင့်ပြုခြင်း (Tax Break)
- စက်မှုချေးငွေအမျိုးအစား(Industrial Loan)
- ဘဏ်များမှထုတ်ချေးငွေအမျိုးအစား (Loan from Bank) စသည်တို့ကို ထုတ်ချေး ပေးနိုင်ရန် စက်မှုလုပ်ငန်းများအတွက် တရားဝင်ငွေချေးခွင့်ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေး အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုးဝင်းတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)။** ။ရိုသေလေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ပေးရေးအဆိုကို ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဒေါ်မိမြင့်သန်းက ထောက်ခံသွားပါတယ်။ အဆိုမှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ပေးရေး အဆိုဖြစ်ပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးစိုးဝင်းတင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။စမ်းချောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာအပ်ပါတယ်။ (ဩဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သောအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။စမ်းချောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်(ဗုဒ္ဓဟူးနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၄ ရက်မြောက်နေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန် မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ၁၂း၄၀နာရီ အချိန်တွင် ရပ်နားပါသည်]